ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (12-5-2012) (၇၁၁၈)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်သူတို့၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေးမှအစ ထိထိရောက်ရောက် ပြောင်းလဲတိုးတက်မည့် အစီအမံများကို စီမံဆောင်ရွက်ကြရန်လို နိုင်ငံတကာအကူအညီ၊ ချေးငွေ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ရရှိရေးဆောင်ရွက်

## ပုဂ္ဂလိကလူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတစ်ရပ်လုံးပါဝင်လာအောင် ကြိုးပမ်း ပြည်ပရောက်ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များ အမိနိုင်ငံတိုးတက်ရေးအတွက် ပြန်လာရန် ထပ်မံဖိတ်ခေါ်

နေပြည်တော်　　မေ　　၁၁

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး၌ကျင်းပသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လမ်းညွှန်မိန့်ကြားသည်။**

အဆိုပါ အစည်းအဝေးသို့ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လမ်းညွှန်မိန့်ကြားရာတွင် မိမိတို့အစိုးရ စတင်တာဝန်ထမ်းဆောင်သည့် အချိန်မှစ၍ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး ဦးတည်လျက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ပြည်သူတို့၏ ဘဝလုံခြုံရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရဖြစ်ပေါ်လာရေး စသည်တို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ ဒုတိယအဆင့် မဟာဗျူဟာ ပြုပြင်ပြောင်းလဲမှုအဖြစ် ပြည်သူတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန် ထိရောက်သော ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနအလိုက်၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုသော လုပ်ငန်းများကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအလိုက်၊ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပြီး ဆက်လက်အကောင်ထည်ဖော်ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

ထိုသို့ စီမံဆောင်ရွက်ရာတွင် ပြည်သူတို့၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေးမှအစ ထိထိရောက်ရောက် ပြောင်းလဲတိုးတက်မည့် အစီအမံများကို စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ငွေကြေး၊ အရင်းအနှီးနှင့် နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့ လိုအပ်ရာ နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်းအပေါ် မှီခိုအားထားလုပ်ဆောင်ခဲ့သည့် အစဉ်အလာမှ နိုင်ငံတကာ အကူအညီ၊ အထောက်အပံ့နှင့် ချေးငွေ စသည်တို့ကိုလည်းကောင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက် လည်းကောင်း ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆက်သွယ်လက်ခံရယူကာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ပြောင်းလဲဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အဆိုပါ နိုင်ငံတကာအကူအညီ အထောက်အပံ့နှင့် ရင်းနှီးမြှုပ်နှံမှုများအား ကဏ္ဍအလိုက်၊ ဒေသအလိုက် ရည်မှန်းသည့် ဖွံ့ဖြိုးမှုနှုန်းထားအလိုက် တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူတို့၏ လူမှုစီးပွားရေးလိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး၊ ဆင်းရဲမှုနှုန်း လျှော့ကျရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ထိထိရောက်ရောက် အသုံးပြုသွားနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က စနစ်တကျ စီမံခန့်ခွဲသွားရန် ဖြစ်ကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကကဏ္ဍအချင်းချင်း ပေါင်းစပ်ညှိနှိုင်းနိုင်ရန်နှင့် အစိုးရသို့ အကြံပြုပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ လူမှုစီးပွားရေးအကြံပေးကောင်စီဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ရာ ပုဂ္ဂလိကလူမှုရေး၊ စီးပွားရေးအသင်းအဖွဲ့များက နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့◆**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားစဉ်။
(သတင်းစဉ်)

**ထိရောက်သော ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲလုပ်ဆောင်မှုများကို ရှေးကနှင့်မတူဘဲ စိတ်ဓာတ်အရ လည်းကောင်း၊ လူထုဆက်ဆံရေးအရ လည်းကောင်း ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူများကို မိမိတို့၏ မိဘသဖွယ် တိုးတက်အောင်ကူညီစောင့်ရှောက်ရေးနှင့် ပြည်သူမလိုလားသော လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ၊ ဆက်ဆံရေးမပြေပြစ်မှုများကို ရှောင်ရှားကြရေးအတွက် အဓိက ဦးစားပေးပြောင်းလဲလာအောင် ကြပ်မတ်ကြိုးပမ်းဆောင်ရွက်။**

ကြေးမုံစာတည်းရှုထောင့် ၁၂-၅-၂၀၁၂[စနေနေ့]။

# သက်ကြီးရွယ်အိုဘဝလုပခြယ်မှုန်း

သက်ကြီးရွယ်အိုများသည် တစ်ချိန်သောကာလက သားကောင်း သမီးမွန်များသာဖြစ်သည်။ လူတန်းစား အလွှာအသီးသီးတွင်ရှိခဲ့သည့် အဆိုပါသက်ကြီးရွယ်အိုများသည် ကျင်လည်ရာနယ်ပယ်တွင် သူ့တာဝန်နှင့်သူ နိုင်ငံအကျိုး၊ ရပ်ရွာအကျိုး၊ မိသားစုအကျိုးတို့ကို ထမ်းဆောင်ခဲ့ကြသူများပင်ဖြစ်သည်။ ထိုစဉ်က အိမ်ထောင်ဦးစီး၊ လုပ်ငန်းခွင်ဦးစီး၊ လုပ်ငန်းခွင်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများပင်ဖြစ်သည်။ သူ့တာဝန်နှင့်သူ ထမ်းဆောင်ခဲ့၍ သူ့နေရာနှင့်သူ အရေးပါအရာရောက်သူများဖြစ်ခဲ့ကြသည်။

အိုမင်းမစွမ်းဖြစ်လာချိန်တွင် ထိုထိုတာဝန်များမှရပ်နား၍ အလုပ်အကိုင်မဲ့ ဖြစ်လာသောအခါ အရေးမပါ အရာမရောက်သူများ ဖြစ်လာကြကာ အပယ်ခံဘဝရောက်ကြရသည်။ အချို့အချို့တို့သည် အလုပ်အကိုင်မှ အနားယူရသောအခါ အလုပ်လက်မဲ့အပယ်ခံဘဝဖြင့် စိတ်ဓာတ်ကျဆင်းကာ အချိန်မတန်မီ ကြွေလွင့်ခဲ့ရသူများလည်းရှိသည်။ ခိုကိုးရာမဲ့သူများလည်းရှိသည်။ ကလေးထိန်း၊ အိမ်စောင့်၊ ဘုရားသွား၊ ကျောင်းတက်နေရသူများလည်းရှိသည်။ အဆိုးကိုကြုံတွေ့ရသူများရှိသကဲ့သို့ ကျောထောက်နောက်ခံကောင်းသဖြင့် အေးအေးချမ်းချမ်း နေထိုင်ကြရသူများလည်းရှိသည်။

မည်သို့မည်ပုံရှိရှိ ဒေသအသီးသီးရှိ သက်ကြီးရွယ်အိုများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရမည်သာဖြစ်သည်။ ထို့ကြောင့် ဒေသနှင့် ဆီလျော်အပ်စပ်မည့် သက်ကြီးရွယ်အို စောင့်ရှောက်မှုမူဝါဒများ၊ အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။ နောင်အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများအတွက် မြော်မြင်တွက်ချင့် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မျက်မှောက်ခေတ် သက်ကြီးရွယ်အိုများအတွက် အချိန်အခါသင့် ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည့် နည်းလမ်းသစ်များ၊ အကြံသစ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးညှိနှိုင်းမှုပြုကြရမည်ဖြစ်သည်။ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ၂၀၁၂ ခုနှစ် အာရှ-ပစိဖိတ်ဒေသ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ ညီလာခံတစ်ရပ်ကို မေ ၈ ရက်မှ ၁၁ ရက်အထိ လေးရက်တိုင်တိုင်ကျင်းပခဲ့ရာ ထိုညီလာခံမှ သက်ကြီးရွယ်အိုများစောင့်ရှောက်ရေးအတွက် အကြံသစ်၊ ဉာဏ်သစ်များ ရရှိလာမည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံတွင် အသက် (၆၀) နှင့်အထက် သက်ကြီးရွယ်အိုအရေအတွက်မှာ ၂၀၀၇ ခုနှစ်က လူဦးရေ စုစုပေါင်း၏ ၈ ဒသမ ၇ ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၉ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးလာခဲ့သည်။ လက်ရှိနိုင်ငံ့လူဦးရေ သန်း ၆၀ ခန့်အနက် ၁၀ ရာခိုင်နှုန်းခန့်မှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်။ သက်ကြီးရွယ်အိုဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးပွားလာခဲ့သဖြင့် စောင့်ရှောက်မှုများလည်း ပိုမိုလိုအပ်လာမည်ဖြစ်သည်။

အမှန်တွင် မြန်မာနိုင်ငံ၌ လူမှုနှုန်းစံများအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ သက်ကြီးရွယ်အိုများအား ဂါရဝတရား၊ ကရုဏာတရားရှေ့ထား၍ မိသားစုအတွင်းသာမက လူမှုဝန်းကျင်၌ပါ အလေးထားခဲ့သည်မှာအမှန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၁၅ ခုနှစ်ကတည်းက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို စတင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို စတင်ဖော်ဆောင်ခဲ့သည်။ ထို့အပြင် ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ ကျေးရွာ ၁၀၁ ရွာတွင် ရပ်ရွာအခြေပြုသက်ကြီးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း ကူညီပံ့ပိုးပေးလျက်ရှိသည်။ မကြာသေးမီနှစ်ကပင် နိုင်ငံတော်က အငြိမ်းစားသက်ကြီးရွယ်အိုများအတွက် ပင်စင်လစာများ တိုးမြှင့်ထောက်ပံ့ပေးခြင်း၊ လူမှုဖူလုံရေးဥပဒေရေးဆွဲရာ၌ သက်ကြီးရွယ်အိုများအတွက် လူမှုဖူလုံရေးအစီအမံများ ထည့်သွင်းရေးဆွဲထားခြင်း စသည်တို့ကိုဆောင်ရွက်ထားရာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

သို့ရာတွင် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာသော သက်ကြီးရွယ်အိုများနှင့် အကာအကွယ်မဲ့သက်ကြီးရွယ်အိုများ၊ နွမ်းပါးသောသက်ကြီးရွယ်အိုများမှာ လက်လှမ်းမမီကျန်ရှိနေဦးမည်ဖြစ်ရာ နိုင်ငံတော်နှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ စေတနာရှင်များက ဝိုင်းဝန်းကူညီလက်တွဲ၍ နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများ၏ အနာဂတ်ဘဝများကို လှပစွာခြယ်မှုန်းနိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြဦးမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား အာရှဖွံ့ဖြိုးရေးဘဏ်မှ ညှိအဖွဲ့တွေ့

**နေပြည်တော် မေ ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**



ထိုသို့တွေ့ဆုံစဉ် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မြန်မာနိုင်ငံအကြား အနာဂတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၂၇. ၀၀၀ | ၀. ၀၀၁၂၁ |
| ထိုင်း (ဘတ်) | ၃၁. ၁၈၄၆ | ၀. ၀၃၂၀၇ |
| တရုတ် (ယွမ်) | ၆. ၃၁၃၅၅ | ၀. ၁၅၈၃၉ |
| အိန္ဒိယ (ရူပီး) | ၅၃. ၅၅၄၀ | ၀. ၀၁၈၆၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၇၄၉၁ | ၀. ၃၂၅၂၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၁၃၁ | ၀. ၇၉၉၁၆ |
| ဂျပန် (ယန်း) | ၇၉. ၉၀၆၂ | ၀. ၀၁၂၅၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၆. ၉၁ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၇၂၉၁ | ၁. ၂၉၃၈၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၀၉၀ | ၁. ၆၁၀၅၆ |

*အင်တာနက်*။

# ကွမ်းယာဆိုင်များ ဘီးတပ်တွန်းလှည်းဖြင့် ရွေ့လျားသွားလာရောင်းချရန် အသိပေး

**မန္တလေး မေ ၁၁**

မန္တလေးမြို့တော်အတွင်း ကတ္တရာလမ်းမ၊ လမ်းသွယ်၊ လူသွားစင်္ကြံပလက်ဖောင်းများပေါ်နှင့် လမ်းဆုံ၊ လမ်းခွများတွင် ဆိုင်များ တည်ခင်းရောင်းချခြင်းမပြုရန်၊ လောင်စာဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီများအား တရားဝင်ခွင့်ပြုချက်မရရှိဘဲ လမ်းဘေးတွင် မရောင်းချရန်နှင့် ကွမ်းယာဆိုင်များ ဘီးတပ်တွန်းလှည်းဖြင့် ရွေ့လျားသွားလာရောင်းချရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနက အသိပေးထားပြီး စည်းကမ်းများအား လိုက်နာမှုမရှိပါက တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ ကိုကိုကြီး(မန္တလေး)

# လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

# မြန်မာ့ရေပိုင်နက် မုတ္တမမှ ကမ္ဘာ့ရှားပါးငှက်

**ကျောက်တန်း မေ ၁၁**

တစ်ကမ္ဘာလုံးတွင် အကောင်ရေ ၅၀၀ အောက်သာ ကျန်တော့သည့် မျိုးသုဉ်းပျောက်ကွယ်ရန် အစိုးရိမ်ရဆုံးအဆင့်သို့ ရောက်ရှိနေသော ရေညှောင့်နှုတ်သီးဝိုင်းငှက်(ဒီလုံး)ငှက်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းချခြင်းမပြုကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများက မုတ္တမပင်လယ်ကွေ့နှင့် ၎င်းနှင့် ဆက်စပ်လျက်ရှိသော ကမ်းရိုးတန်းနေ ရေလုပ်သားများနှင့် ပြည်သူတို့အကြား ပညာပေးဟောပြောလျက်ရှိသည်။ မိုးကာလတွင် ရုရှားနိုင်ငံတွင် သားပေါက်ပြီး ဆောင်းအမီ မြန်မာနိုင်ငံ ကမ်းရိုးတန်းများတွင် လာရောက်ဆောင်းခိုတတ်သည့် အဆိုပါငှက်များ၏ အဓိကဆောင်းခိုသောနေရာမှာ မုတ္တမပင်လယ်ကွေ့ဖြစ်သည်။ တစ်ကမ္ဘာလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် မုတ္တမပင်လယ်ကွေ့တွင် ဆောင်းခိုနေထိုင်ကြသည်။ ရေညှောင့်နှုတ်သီးဝိုင်း (ဒီလုံး)ငှက် **(အောက်ပုံ)**နှင့် အခြားရေပျော်ငှက်များကို ဖမ်းဆီးရောင်းချခြင်းမပြုကြရန် ဥပဒေဖြင့် ကာကွယ်တားဆီးထားသကဲ့သို့ မုတ္တမပင်လယ်ကွေ့နေ ဒေသခံများအနေဖြင့် မိမိတို့ဒေသ၊ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝကို ဂုဏ်ယူမြတ်နိုးစိတ်ဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လှပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။

အောင်ဆွေ



ယနေ့ ဖတ်စရာ မှတ်စရာ စိန်လှိုင်ဗိုလ်

# ပြောပဲပြောနိုင်လွန်းကြသူများ

မြန်မာနိုင်ငံတွင် GSM လက်ကိုင်ဖုန်းများ ပေါ်ဦးပေါ်ဖျားကာလက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ငွေကျပ် ၁၅ သိန်းပေးသွင်း၍ ငှားရမ်းအသုံးပြုကြရသည်။ တယ်လီဖုန်းသုံးစွဲလိုသည့်ဦးရေနှင့် ငှားရမ်းနိုင်သည့် တယ်လီဖုန်းအရေအတွက် မမျှတ၍ သုံးစွဲခွင့်ရသူကံထူးရှင်များထံမှ ကျပ်သိန်း ၃၀၊ သိန်း ၄၀ အထိပေး၍ ဝယ်ယူသုံးစွဲခဲ့ကြရသည်။ ထိုအချိန်ကာလက ခါးတွင် တယ်လီဖုန်းချိတ်ထားနိုင်သူအရေအတွက်သည် များများစားစားမရှိလှပေရာ ခါးတွင် GSM ဖုန်းမချိတ်နိုင်သူများက ငေးမောကြည့်ခဲ့ကြရသော အချိန်ကာလတစ်ခုဖြစ်ခဲ့သည်။ သို့ရာတွင် ဆက်သွယ်ရေးကမူ စင်းလုံးချောအဆင်ပြေလှသည်မဟုတ်။ လက်ဖက်ရည်တစ်ဆိုင်တည်း ထိုင်နေသူအချင်းချင်း တယ်လီဖုန်းပြောချင်သော ရောဂါထကြွ၍ ဖုန်းကို စမ်းသပ်ချင်၍ ဖုန်းခေါ်သည်ကိုပင် **"ဆက်သွယ်ရေးဧရိယာ ပြင်ပရောက်နေပါတယ်ရှင်" "စက်ပိတ်ထားပါတယ်ရှင်"**စသည့် တုံ့ပြန်ဖြေကြားသံများကြောင့် ရယ်ပွဲဖွဲ့ခဲ့ရသည်များလည်း ရှိခဲ့ပါသည်။ အတိတ်ကဖြစ်ပါသည်ဟု ပြော၍မရပါ။ ယနေ့တိုင်လည်း မမေ့နိုင်၊ မရိုးနိုင်သေးသော၊ မဟောင်းသေးသော ကက်ဆက်ထဲက ဖြေကြားသံကို ကြားနေရဆဲဖြစ်ပါသည်။

နိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်အဆင့်ဆင့်ပေါ်လာသည်။ အစိုးရအဖွဲ့သစ်လက်ထက်တွင် ကျပ် ၁၅ သိန်းတန် လက်ကိုင်ဖုန်းများသည် ငါးသိန်းတန်ဘဝသို့ စုတေခဲ့ရသည်။ နိုင်ငံတော်ကလည်း ဖုန်းလိုင်းများစွာ ချပေးသည်။ ငါးသိန်းတတ်နိုင်သူတို့ကလည်း ဝမ်းမြောက်ဝမ်းသာအားပေးကြသည်။ သို့ဖြစ်ရာ ကားမောင်းရင်း၊ စတီယာရင်တစ်ဖက်၊ ဖုန်းတစ်ဖက် ပြောသူတွေပိုများလာသည်ကို တွေ့မြင်ရသည်။

အန္တရာယ်ကြီးလှပါသည်။ မော်တော်ကားမောင်းရင်း ဖုန်းပြောခြင်းထက် မော်တော်ဆိုင်ကယ်မောင်းရင်း ဖုန်းပြောခြင်းက ပို၍အန္တရာယ်ကြီးပါသည်။ လမ်းပေါ်တွင် စည်းမဲ့ကမ်းမဲ့မောင်းနှင်နေသော နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လေးဘီးကားများ ဥဒဟိုသွားလာနေကြပါသည်။ ကိုယ်မမှားသော်လည်း တစ်ဖက်က မှားပြီးဝင်တိုးလာပါလျှင် လက်တစ်ဖက်တည်းထိန်းထားသော လက်ကိုင်များက မည်မျှအကာအကွယ်ပေးနိုင်ပါမည်နည်း၊ ပို၍ ဆိုးလာပါသည်။

ယနေ့ကာလတွင် ကျပ်နှစ်သိန်းငါးသောင်းရှိလျှင် လက်ကိုင်ဖုန်းကိုင်နိုင်ပါပြီ။ SIM ကတ်ဖိုးနှစ်သိန်း၊ ဟန်းဆက်လေးသောင်းတွင် ကျပ်တစ်သောင်းတန် ဝယ်ထည့်လိုက်လျှင် ပြော၍ရပါပြီ။ ယနေ့စက်ဘီးစီးရင်းလည်း ပြောနေပါပြီ။ ဆိုက်ကားစီးရင်းလည်း ပြောနေကြပါပြီ။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဘူတာရုံ၊ မော်တော်ကားဂိတ်၊ ဆိုက်ကားဂိတ်၊ သဘော်ဆိပ်ပါမကျန် ထိုင်လျက်တစ်မျိုး၊ ထလျက်တစ်ဖုံ၊ မိုးတိုးမတ်တတ်ရပ်၍ ပြောနေကြသည်။ လမ်းဆုံ၊ လမ်းခွ ရေမြောင်းနံဘေး နေရာအနှံ့ တယ်လီဖုန်းပြောနေကြသူတွေကို မကြည့်ချင် မြင်ချင်ရက်သားဖြစ်နေသည်။

အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်စေရန် တယ်လီဖုန်းအသုံးပြုခစျေးနှုန်းကို လျှော့ချပေးခြင်းကို ကြိုဆိုပါသည်။ ကုမ္ပဏီတစ်ခုကမူ ကျပ် ၅၀၀၀ ဖြင့်ပင် အသုံးပြုခွင့်ပေးမည်ဟုဆိုရာ လွှတ်တော်အထိပင် အသံဗလံများ ရောက်ရှိသွားခဲ့သည်။ ကျပ်နှစ်သိန်းကို မဝယ်သေးဘဲ ငွေကျပ် ၅၀၀၀ ကို စောင့်ဆိုင်းနေကြသူများ လူဦးရေ သိန်းနှင့်သန်းနှင့်ချီ ရှိနေမည်မှာ သေချာနေပါသည်။

တယ်လီဖုန်းတွေများ၍ ပြောကြဆိုကြသူတွေများလာခြင်းမှာ သဘာဝကျပါသည်။ သို့ရာတွင် အန္တရာယ် ဖြစ်လောက်အောင်စွန့်စား၍ ယာဉ်မောင်းနှင်နေစဉ် ပြောဆိုခြင်းကိုမူ ရှောင်ကြဉ်သင့်ပါသည်။ ထို့ထက်ပို၍ **"နေကောင်းလား" "ထမင်းစားပြီးပြီလား" "ဘာဟင်းချက်လဲ" "မိုးရွာနေလား" "နေပူနေလား" "ရာသီဥတုက သိပ်ပြီးအိုက်တာပဲနော်" "နေ့တိုင်းလွမ်းနေမယ်"** . . စသည် စသည်ဖြင့် အရည်မရ အဖတ်မရ စကားများဖြင့် **အချိန်နှင့် ငွေကို မဖြုန်းကြစေလို**ကြောင်း တင်ပြလိုက်ရပါသည်။ ။

# မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၅-၂၀၁၂ (စနေနေ့)

၇း၀၅ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၁၁း၂၅ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ
(အပိုင်း-၅၅)
၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
**-ဖိုးတူးနဲ့သူညာ**
**(လွင်မိုး၊ နန္ဒာလှိုင်နှင့် သရုပ်ဆောင်များ)**
**ဒါရိုက်တာ-မောင်သီ**
၂း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ရှင်သန်နေသရွေ့**
**(အပိုင်း-၂၄)**
၅း၂၀ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၂၀ စားဖို့ဆောင်ချစ်သူ
၆း၄၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-သူ့ရဲ့ကောင်းလေး**
**ကျွန်မချစ်သူ(အပိုင်း-၂၁)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
လူရွှင်တော်စတား
အင်္ဂလိပ်စာသုတ
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်"**
**(အပိုင်း-၂၁)**
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"အရုဏ်ဦးရဲ့လင်းသံစဉ်"**
**အပိုင်း(၂၆)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဧည့်တွေ့ဆုံ

**နေပြည်တော် မေ ၁၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)မှ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Kunio Senga ဦးဆောင်သောအဖွဲ့နှင့် အမေရိကန်နိုင်ငံ Stony Brook University-Advanced Energy Center မှ Research Professor & Director of International Programmes နှင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာ) ဦးဆောင်နာယက ဒေါက်တာနေထွန်းနှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။ **(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ တက်ရောက်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစီမံကိန်းများ၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နည်းပညာပိုင်း ပံ့ပိုးနိုင်ရေးအစီအစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရေးဆိုင်ရာ နည်း ပညာပံ့ပိုးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်



နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တောင်သူများ နွေ၊ မိုး၊ ဆောင်း အသုံးပြု . . . ခမောက်ရက်လုပ်ငန်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု တံတားဦးကျေးရွာတွင် ခမောက်များကို နှီးချောဖြင့် အကွက်ဖော်၍ ပြန်လည်ပြုပြင်ကွပ်သော လုပ်ငန်းကို ယင်းဒေသအခေါ် ခမောက်ရက်သည်ဟု သိရသည်။ ယင်းဒေသတွင် ခမောက်ရက်ခြင်းလုပ်ငန်းကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်ကြသည်။ **(အောက်ပုံ)**

တောင်သူများအတွက် ခမောက်မှာ နွေ၊ မိုး၊ ဆောင်း အသုံးပြုကြသည့် မရှိမဖြစ် ပစ္စည်းဖြစ်သည်။ ခမောက်များကို နှီးချောဖြင့် အကွက်ဖော်ပြန်အုပ်ကာ ရက်ခြင်းဖြင့် ပို၍ခိုင်ခံ့သည်ဟု သိရသည်။

ခမောက်အကြမ်းတစ်လုံးကို ငွေကျပ် ၃၀၀ မှ ၃၅၀ ဝန်းကျင် ဝယ်ယူရသည်ဟု သိရပြီး နှီးချောဖြင့် ရက်သည့် ခမောက်တစ်လုံးကို ငွေကျပ် ၆၅၀ မှ ၇၀၀ ဝန်းကျင် ရောင်းရသည်။ ခမောက်ရက်ခြင်းလုပ်ငန်းကို နွေ၊ မိုး၊ ဆောင်း လုပ်ကိုင်ကြပြီး အများအားဖြင့် မိသားစုလိုက် လုပ်ကိုင်ကြသော အိမ်တွင်းမှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ခမောက်တစ်လုံးရက်လျှင် လုပ်အားလက်ခ ၂၀၀ ကျပ်ပေးရပြီး ခမောက်ရက်သူ တစ်ဦးလျှင် တစ်နေ့ ၁၀ လုံး ကျော်ပြီးသည်။ နှီးဖျာ၊ နှီးသပ်လူတစ်ယောက်လျှင် နေ့တွက်ခ ၂၀၀၀ ကျပ် ပေးရသည်။

ခမောက်ရက်ရာတွင် အဓိကပစ္စည်းမှာ ဝါးနှီးဖြစ်သည်။ နှီးကို အချောသပ်ကာ စိတ်တိုင်းကျရက်လုပ် အကွက်ဖော်ကြသည်။ နှီးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဝယ်ရပြီး ခမောက် ၁၅ လုံးမှ အလုံး ၂၀ ဝန်းကျင် ကွပ်နိုင်သည်ဟု သိရသည်။ ခမောက်ရက်ရာတွင် နှီးချောအပြင် ခမောက်၏ခွေတံ ဇက်တံအတွက် ဝါးကို လိုအပ်သလိုဖြာ၍လည်း ထည့်သွင်းကြရသည်။

နှီးချောဖြင့်ရက်ပြီး ခမောက်များကို ပျော်ဘွယ်မြို့၊ ရမည်းသင်းမြို့နှင့် နေပြည်တော်တပ်ကုန်းမြို့များသို့ တင်ပို့ကြသည်ဟု သိရသည်။

ခမောက်ရက်သော လုပ်ငန်းသည် အားလပ်သောအချိန်တွင် လက်မှုပညာဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချ၍ မိသားစုတစ်ပိုင်တစ်နိုင် အပိုဝင်ငွေရရှိသော လုပ်ငန်းရပ်တစ်ခုဖြစ်ပေသည်။



**ကျေးလက်မြင်ကွင်း**

***သတင်းနှင့်ဓာတ်ပုံ***
***လှိုင်သန်းတင့် (ရမည်းသင်း)***

# နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရှိသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် (ခရီးသည်တင်ဘတ်စ်မှအပ) မော်တော်ယာဉ်များကို ဘယ်မောင်း၊ ညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုမည့်အစီအစဉ် ထုတ်ပြန်ကြေညာချက်

၂၀၁၂ ခုနှစ် မေလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအစည်းအဝေး အမှတ်စဉ်(၃/၂၀၁၂)၏ ဆုံးဖြတ်ချက်အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် (ခရီးသည်တင်ဘတ်စ်မှအပ) ဘယ်မောင်း၊ ညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သတင်းကို ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်ထားလိုသူများအနေဖြင့် အောက်ပါစာရွက်စာတမ်းများနှင့်အတူ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့ လာရောက်လျှောက်ထားနိုင်သည်-

(က) မော်တော်ယာဉ်တင်သွင်းခွင့်လျှောက်လွှာ
(ခ) မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ် မူရင်းနှင့်မိတ္တူ
(ဂ) ဘဏ်စာအုပ် မူရင်းနှင့်မိတ္တူ
(ဃ) အိမ်ထောင်စုစာရင်း မူရင်းနှင့်မိတ္တူ
(င) တင်သွင်းမည့်မော်တော်ယာဉ်အတွက် Invoice မူရင်း
(စ) မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ စိစစ်ခွင့်ပြုခဲ့သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းအား ခွင့်ပြုပါမစ်ထုတ်ပေးခဲ့သည့် စာရင်းတွင် မပါဝင်ကြောင်း ခံဝန်ကတိပြုချက်

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအနေဖြင့် မော်တော်ယာဉ်တင်သွင်းခွင့် လာရောက်လျှောက်ထားသူများ အဆင်ပြေချောမွေ့စေရေးနှင့် စိတ်ချမ်းသာစွာဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)တွင် ဝန်ထမ်းများအဆင်သင့်စုဖွဲ့စီစဉ်ထားရှိပြီး ၂၀၁၂ ခုနှစ် မေလ ၁၁ ရက်(သောကြာနေ့)မှစတင်၍ မော်တော်ယာဉ်တင်သွင်းခွင့်ပါမစ်များ ထုတ်ပေးနေပြီဖြစ်ပါကြောင်းနှင့် အဆိုပါ နိုင်ငံခြားငွေစာရင်းရှိသူ နိုင်ငံသားများအား မော်တော်ယာဉ်တင်သွင်းခွင့်ပြုမည့် အစီအစဉ်ဆိုင်းငံ့ထားသည်ဟု ဖြစ်ပေါ်နေသည့် ကောလာဟလသတင်းများ မှန်ကန်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာကြီးကြပ်ရေးကော်မတီ**

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သီပေါ၌ စိုက်ရာသီအမီ ပျိုးပင်များပျိုးထောင်

**သီပေါ မေ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေး အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ သစ်တောသယံဇာတများ ထိန်းသိမ်းရေး၊ သစ်တောပြုစုပျိုးထောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုရေးအတွက် သီပေါမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ တွင် ကျွန်း အပင် ၂၉၇၀၀၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့်သစ်မာပင် ၂၀ အတွက် ကျွန်း အပင် ၃၀၀၀၊ ယူကလစ် အပင် ၄၀၀၀၊ မဲဇလီ၊ ရေသင်းဝင်၊ စိန်ပန်း၊ ကံ့ကော်၊ ငုစပ် စုစုပေါင်း အပင် ၅၄၀၀၊ နမ့်ဆန်မြို့နယ်အတွက် ကျွန်း အပင် ၂၄၀၀၊ ယူကလစ် ၅၀၀၊ ချယ်ရီ ၄၀၀ နှင့် မဲဇလီ အပင် ၃၀၀ တို့အပြင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ သရက်၊ ပိန္နဲ၊ ဒညင်း၊ ထောပတ်၊ လိုင်ချီး၊ မဲဇလီ စသည့် ပျိုးပင်ပေါင်း အပင် ၇၆၀၀ တို့အတွက်လည်း ပျိုးထောင်ထားရှိပြီးဖြစ်သည်။

**(အောက်ပုံ)**

ယခုနှစ်စိုက်ပျိုးကာလ သစ်ပင်စိုက်ပျိုးပွဲတွင် သီပေါမြို့နယ်၌ ရတနာတန်းဝင် ကျွန်းအပါအဝင် သစ်ပင်မျိုးစုံပျိုးပင်ပေါင်း ၃၄၃၀၀ ကို စီမံချက် ပြည့်မီစွာ စိုက်ပျိုးမည်ဖြစ်ပြီး သစ်ပင်ချစ်ပြည်သူများနှင့် ဌာနဆိုင်ရာများကိုပါ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။ (၂၄၇)





# နွေစပါးစိုက်တောင်သူများ ဖျက်ပိုးကြောင့် အထွက်ကျ

**ရေတာရှည် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာဆည်ရေသောက် နွေစပါးစိုက်ဧက ၂၀၀၀၀ ကျော်ကို ဧပြီလနောက်ဆုံးပတ်နှင့် မေလဆန်းရက်ပိုင်းမှစ၍ စတင်ရိတ်သိမ်းလျက်ရှိသည်။ နွေစပါးစိုက်တောင်သူများသည် ထွက်နှုန်းကောင်းမွန်သည့် ရွှေသွယ်ရင်၊ မနောသုခ အစရှိသည့် စပါးမျိုးများကို စိုက်ပျိုးပြီး တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းတင်း ၇၀ မှ ၈၀ ကျော်အထိ ထွက်ရှိသည်ဟု သိရသည်။ ယခုအခါ ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ အင်ကြင်းကုန်းကျေးရွာ၊ ကြို့ပင်ထိုက်ကျေးရွာ၊ ပြီစုပ်ကျေးရွာများ၊ ဆွာမင်းလမ်းကျေးရွာအုပ်စု၊ မှန်စီကျေးရွာ၊ ကြာအင်းကျေးရွာများရှိ တောင်သူအချို့၏ စပါးစိုက်ခင်းများတွင် စပါးဖျက်ဖြုတ်ပိုးများကျ၍ စပါးပင်များ ခြောက်သွေ့သေဆုံးပြီး အသီးများ ခြောက်၍ စပါးအထွက်နှုန်းများကျဆင်းခဲ့သည်ကို ဒေသခံတောင်သူများက လိုက်လံပြသ၍ သိရသည်။ **(အပေါ်ပုံ)** ကူးစက်မှုမြန်ဆန်သော ဖြုတ်ပိုးကျသည့် စပါးခင်းများအား ချက်ချင်းရိတ်သိမ်း၍ မီးရှို့ခြင်း၊ ပိုးသတ်ဆေးများ ကြိုတင်ဖျန်း၍ ကာကွယ်နေရခြင်းများကြောင့် တောင်သူများအနေဖြင့် အပိုကုန်ကျစရိတ်များ မြင့်တက်လျက်ရှိကြောင်း သိရသည်။ ယခုအခါ စပါးဈေးနှုန်းကျဆင်းလျက်ရှိပြီး လုပ်အားခကုန်ကျငွေများကြောင့် တွက်ခြေကိုက်မှုမရှိကြောင်း သိရသည်။

(၅၇၈)

# အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့အခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ ၂၀၁၂ အထိမ်းအမှတ်အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပင်မခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာသူနာပြုနေ့ ၂၀၁၂ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "သာဓကကို အခြေခံ ကွာဟမှုတွေမရှိရန် ရည်သန်ရှေးရှု ဒို့ပြုစု" ဖြစ်ပြီး အခမ်းအနားတွင် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌနှင့် ပါမောက္ခ ဒေါ်ရင်မြက Closing the Gab; From Evidence to Action ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်က "အရည်အသွေးပြည့်ဝသော သူနာပြုစုခြင်းနှင့် ပြည်သူများ၏ မျှော်လင့်ချက်"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရတနာပုံတိရစ္ဆာန်ဉယျာဉ် ဝင်ကြေးများပြောင်းလဲ

**မန္တလေး မေ ၁၁**

မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဉယျာဉ်ဝင်ကြေးများကို လူကြီးတစ်ဦးလျှင် ကျပ် ၅၀၀ မှ ကျပ် ၁၀၀၀ သို့လည်းကောင်း၊ နှစ်နှစ်အထက်ကလေးတစ်ဦးလျှင် ကျပ် ၂၅၀ မှ ကျပ် ၅၀၀ သို့လည်းကောင်း၊ သံဃာတစ်ပါးလျှင် ကျပ် ၁၀၀မှ ကျပ် ၂၀၀ သို့လည်းကောင်း ဧပြီ ၁ ရက်မှစ၍တိုးမြှင့်ပြောင်းလဲခဲ့သည်။ ရတနာပုံတိရစ္ဆာန်ဉယျာဉ်ကို သစ်တောရေးရာဝန်ကြီးဌာနမှ ထူးကုမ္ပဏီက ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ နှစ်ရှည်ငှားရမ်း လုပ်ကိုင်ခွင့်ရခဲ့ပြီး တိရစ္ဆာန်ဖြည့်တင်းခြင်းနှင့် တိရစ္ဆာန်ဉယျာဉ်သာယာရေး လုပ်ကိုင်လျက်ရှိသည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ နန်းမြို့နှင့် မန္တလေးတောင်လာဧည့်သည်များ ရတနာပုံတိရစ္ဆာန်ဉယျာဉ်သို့ ဝင်ရောက်လေ့လာကြရာ ဝင်ကြေးတိုးမြှင့်လိုက်သဖြင့် ဝင်ရောက်လေ့လာသူနည်းပါးသွားနိုင်ကြောင်း မန္တလေးမြို့ခံများက သုံးသပ်ပြောဆိုနေကြကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)



ဂျပန် အဘိုး အဘွားတစ်စုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လာမည့်နှစ် ၁၀၀၀ တွင် ဂျပန်တို့ မျိုးသုဉ်းတော့မည်လော

တိုကျို မေ ၁၁

**ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားနှုန်း ကျဆင်းလာသည့်အတွက် လာမည့် နှစ်ပေါင်း ၁၀၀၀ အတွင်း ဂျပန်လူမျိုးများ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သုတေသနပညာရှင်များ၏ မေ ၁၁ရက် ထုတ်ပြန်သော လူဦးရေ စာရင်းဇယားများက ပြသလျက်ရှိသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။**

ဂျပန်နိုင်ငံ၌ လက်ရှိအချိန်တွင် အသက်၁၄နှစ်အထက် ကလေးဦးရေး ၁၆ ဒသမ ၆သန်းရှိသော်လည်း စက္ကန့် ၁၀၀ကြာမြင့်တိုင်း တစ်ဦးနှုန်းဖြင့် ကျဆင်းနေကြောင်း ဆန်ဒိုင်း မြို့တော်မှ ပညာရှင်များက ပြောကြားခဲ့သည်။

အထက်ပါ အလွတ်ခန့်မှန်းချက်အရဆိုလျှင် လာမည့် နှစ်ပေါင်း ၁၀၀၀ အတွင်း ဂျပန်နိုင်ငံ၌ ကလေးတစ်ဦးမျှ ကျန်ရှိနိုင်ဖွယ်မရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းသို့ ကလေးမွေးဖွားနှုန်း ဆက်လက်ကျဆင်းနေ မည်ဆိုလျှင် ၃၀၁၁ ခုနှစ် မေ ၅ ရက်ကို ကလေးများနေ့ဟုသတ်မှတ်၍ အများပြည်သူအားလပ်ရက်အဖြစ် အခမ်းအနားကျင်းပရဖွယ်ရာရှိကြောင်း တိုဟိုကူတက္ကသိုလ်မှ စီးပွားရေးပညာရှင် ဟီဂိုရှိယိုရှိဒါက တွက်ချက်ပြသသည်။

လက်ရှိအခြေအနေများသည် ဂျပန်နိုင်ငံ၌ ကလေး မွေးဖွားမှုနှုန်းနှစ်ဦးအောက် ကျဆင်းခဲ့ရသော ၁၉၇၅ ခုနှစ်တွင် စတင်ခဲ့သည့် လူမျိုးသုဉ်းနိုင်မှုအလားအလာများအား ညွှန်းဆိုနေဖွယ်ရှိကြောင်း ယိုရှိဒါက ပြောကြားသည်။

လူဦးရေပြဿနာကို အဆောတလျင်ဆွေးနွေးကြစေရန် တွန်းအားပေးသည့်အနေဖြင့် လူဦးရေကျဆင်းမှုပုံစံကို ရေးဆွဲခြင်းဖြစ်ကြောင်း ယိုရှိဒါက ပြောသည်။

ယမန်နှစ်ကထုတ်ပြန်ခဲ့သည့် လူဦးရေလေ့လာမှုစာတမ်းအရ လက်ရှိလူဦးရေ ၁၂၇ဒသမ ၇သန်းသည် လာမည့် ရာစုနှစ်အလွန်၌ သုံးပုံတစ်ပုံအထိ လျော့ပါးသွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ဂျပန်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်သည် အသက် ၆၅ နှစ်နှင့်အထက်ဖြစ်၍ ကမ္ဘာပေါ်တွင် အသက်ကြီးလူဦးရေ အချိုးအမြင့်ဆုံးဖြစ်သည်။

**အင်တာနက်။**

# ကိုကင်း တန်ဝက်ကျော်ကို အာဂျင်တီးနားစစ်ရဲတပ်ဖွဲ့ သိမ်းဆည်းနိုင်

**ဗျူနိုအေရိစ် မေ ၁၁**

အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူနိုအေရိစ်မှ ကီလိုမီတာ ၂၃၀ခန့်ကွာဝေးသော ပါရာမီနိုဒေသတွင် မေ ၁၀ရက်က ကိုကင်းတန်ဝက်ကျော်အား အာဂျင်တီးနား စစ်ရဲတပ်ဖွဲ့က သိမ်းဆည်းနိုင်လိုက်သည်ဟု အဆိုပါရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အမျိုးသားအဝေးပြေးလမ်းမကြီး အမှတ်-၈ မှတစ်ဆင့် ဗျူနိုအေရိစ်မြို့သို့ ဦးတည်မောင်းနှင်လာသော အအေးခန်းအလုံပိတ်ကားတစ်စီးကို ရဲတပ်ဖွဲ့က ရပ်တန့်စေပြီး ရှာဖွေခဲ့ကြောင်း၊ သေချာစွာလေ့ကျင့်ပေးထားသော အနံ့ခံခွေး များအား အနံ့ခံရှာဖွေစေရာ မော်တော်ယာဉ်ကိုယ်ထည်အပြင် ပိုင်း၏ အောက်ခြေအံဝှက်ထဲတွင် ဖုံးကွယ်ထားသော ကိုကင်းများ ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလေးချိန်တန်ဝက်ကျော်ကျော်လေးသော ကိုကင်းအခဲ ၈၀၀ကို ယာဉ်မောင်းနှင့်အတူ ဖမ်းဆီးခဲ့သည်။

**ဆင်ဟွာ။**

# အင်ဒိုနီးရှား ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသော ဘတ်စ်ကား ပြင်သစ်နိုင်ငံတွင် တိမ်းမှောက်

**အော်လန်းစ်(ပြင်သစ်) မေ ၁၁**

ပြင်သစ်နိုင်ငံအလယ်ပိုင်းတွင် မေ ၁၀ ရက်က အင်ဒိုနီးရှား ကမ္ဘာလှည့်ခရီးသည်များ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားတစ်စီး တိမ်းမှောက်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါကားပေါ်တွင် ခရီးသည် ၁၂ ဦးလိုက်ပါလာပြီး တစ်ဦးသေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိကြောင်း၊ ယင်းဘတ်စ်ကားကို အီတလီကုမ္ပဏီ ချီကာရီလီဒိုင်အန်ဇိုက ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

**ဆေးရုံတင်ပို့**

ဒဏ်ရာရသူများအနက် လေးဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် မွန်တာဂစ်နှင့် အော်လန်းစ်မြို့များရှိ ဆေးရုံများသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း၊ အီတလီနိုင်ငံသားယာဉ်မောင်းမှာ ပြင်ပဒဏ်ရာအနည်းငယ်သာရရှိကြောင်း သိရသည်။

ဘတ်စ်ကားပေါ်ပါ အင်ဒိုနီးရှားခရီးသည်များ၏ အသက်အရွယ်နှင့် ဇာတိကိုသေချာစွာ မသိရသေးဟု ဆိုသည်။

ဘတ်စ်ကားမှောက်ရသည့် အကြောင်းရင်းကိုလည်း မသိရှိရသေးကြောင်း၊ အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ်ငါးစီး၊ ဆရာဝန်အချို့နှင့် ရဟတ်ယာဉ်တစ်စင်း ရောက်ရှိလာကြောင်း ပြောကြားသည်။ **အင်တာနက်။**





ဖမ်းဆီးရမိထားသော ကိုကင်းအခဲများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# လေယာဉ်ပျက်အနီးမှ ရုပ်အလောင်း ၁၀လောင်း ရှာတွေ့ ရုရှားစုံစမ်းရေးအဖွဲ့ အင်ဒိုနီးရှားသို့ရောက်ရှိ

**ဂျကာတာ မေ ၁၁**

ရုရှားနိုင်ငံလုပ် ဆူခွိုင်း-၁၀၀ စူပါဂျက်လေယာဉ်တစ်စင်းသည် လေကြောင်းလိုင်းများမှ ဝယ်ယူရန်အတွက် သရုပ်ပြ ပျံသန်းပြနေစဉ် မေ ၉ရက်က အင်ဒိုနီးရှားမီးတောင်တစ်လုံး၏တောင်စောင်းသို့ ပျက်ကျခဲ့ရာ မေ ၁၁ရက်တွင် ရုပ်အလောင်း ၁၀လောင်း ထက်မနည်း ရှာဖွေတွေ့ရှိခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့သည် လေယာဉ်အပျက်အစီးများတွေ့ရှိရာနေရာ ဆာလက်စ်တောင် ဒေါင်လိုက်ဆင်ခြေလျှောနေရာသို့ ကြိုးများကိုအသုံးပြု၍ တက်ရောက်ခဲ့ကာ တွေ့ရှိသော ရုပ်အလောင်း ၁၀လောင်းကို ရဟတ်ယာဉ်ဖြင့် သယ်ယူရန် လုပ်ဆောင်ခဲ့ကြသည်ဟု ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂါဂျက်ချ်ပရာကိုဆိုက ပြောကြားသည်။

လေယာဉ်အမြီးပိုင်းဟုယူဆရသော အစိတ်အပိုင်း၊ ဆူခွိုင်းတံဆိပ်ပါ အတောင်ပိုင်းနှင့် ကြေမွတွန့်ခေါက်နေသော သတ္တုပြားများ တောင်စောင်းတစ်လျှောက်၌ ပြန့်ကျဲနေပုံကို ဒေသန္တရရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။

ကျွမ်းကျင်ပညာရှင်များနှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများပါရှိသော ရုရှားအဖွဲ့တစ်ဖွဲ့သည် အင်ဒိုနီးရှား အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်း၍ အဆိုပါလေယာဉ်ပျက်ကျရသည့်အကြောင်းရင်းကို စစ်ဆေးဖော်ထုတ်ရန် မတ် ၁၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်ဟု စီအင်န်အင်န်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ **အေပီ။**

# အာဖဂန်နစ္စတန်နိုင်ငံတွင် ရေလွှမ်းမှုဖြစ်ပွား ၁၆ဦးသေဆုံး၊ ၂၀ကျော် ပျောက်ဆုံးလျက်ရှိ

**ကဘူး မေ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးမြောက်ဘက် ၂၄၅ ကီလိုမီတာကွာဝေးသော တက်ခ်ဟာပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ၊ ၁၆ဦး သေဆုံးပြီး ၂၀ ခန့်ပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက မေ ၁၁ရက်တွင် ပြောကြားသည်။

မေ ၁၀ရက် ညနေပိုင်းတွင် အက်စ်ခါမစ်ရှ်ခရိုင်၌ မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ မင်ဒါရာကျေးရွာ၌ ပြည်သူ ၁၆ ဦး သေဆုံးခဲ့ပြီး လူ ၂၀ခန့် ပျောက်ဆုံးခဲ့ကြောင်း တက်ခ်ဟာပြည်နယ်မှ တာဝန်ရှိပုဂ္ဂိုလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရန် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အဆိုပါခရိုင်တွင် ရေလွှမ်းမိုးမှုကြောင့် နေအိမ်အချို့ ရေစီးဖြင့်မျောပါသွားပြီး သီးနှံစိုက်ခင်းများ၊ မွေးမြူရေးခြံများ ပျက်စီးသွားသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံတွင် မိုးကြီး၍ ရေလွှမ်းမိုး ၂၄ ဦးသေဆုံး၊ ၄၀ ဒဏ်ရာရ

**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်းစုပြည်နယ် မင်စီအန်းစီရင်စုတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ လူ၂၄ ဦးသေဆုံး၍ ၄၀ ခန့် ဒဏ်ရာရရှိကြောင်း မေ ၁၁ ရက် သတင်းတွင်ဖော်ပြသည်။

ရေလွှမ်းမိုးမှုကြောင့် လူ ၃၃ ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မင်စီအန်းစီရင်စုရှိမြို့နယ် ၁၈ ခုနှင့် ကျေးရွာများတွင် တစ်နာရီကြာမျှမုန်တိုင်းတိုက်ခတ်ခဲ့သဖြင့် အကြီးအကျယ်ထိခိုက်ပျက်စီးကြောင်း၊ လူနေအိမ်အချို့၊ ဆေးရုံများနှင့် ကျောင်းများ ပျက်စီးကြောင်း သတင်းတွင်ပါရှိသည်။

မြို့နယ်ခြောက်ခုတွင် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရပြီး အဝေးပြေးလမ်းမကြီးများတွင် ပြည်နယ်နှစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်းမှာအခက်အခဲနှင့် ကြုံတွေ့နေရသည်။

လူ ၂၀၀၀ နီးပါးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကယ်တင်ပေးလိုက်ကြရသည်ဟုဆိုသည်။

ထိုစဉ်အတွင်း တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် နေထိုင်သူ လူဦးရေ ၁ ဒသမ ၂ သန်းကျော်မှာ မုန်တိုင်းဒဏ်ကို မေ ၈ ရက်ကတည်းက ခံစားနေကြရပြီး၊ အပျက်အစီး၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်တွေ့ကြုံနေရကြောင်း သတင်း၌ ဖော်ပြသည်။

**အင်တာနက်။**



တရုတ်အနောက်မြောက်ပိုင်း ကန်းစုပြည်နယ်၌ ရေကြီးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ကမ္ဘာ့အမြင့်ဆုံး စစ်တလင်းအဖြစ် သတ်မှတ်ခံထားရပြီး ပါကစ္စတန်နှင့် အိန္ဒိယအကြား နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေရသည့် စီယာချန်း ရေခဲပြင်ဒေသ။

# ပိုင်ဆိုင်ခွင့်အငြင်းပွား စီယာချန်းရေခဲပြင်ဒေသအရေး အိန္ဒိယနှင့် ပါကစ္စတန် ဇွန်လအတွင်း ဆွေးနွေးရန်ရှိ

**အစ္စလာမ္မာဘတ် မေ ၁၁**

ကမ္ဘာ့အမြင့်ဆုံး စစ်တလင်းအဖြစ် နိုင်ငံတကာက ရည်ညွှန်းသတ်မှတ်လေ့ရှိသော နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေသည့် စီယာချန်း ရေခဲပြင်ဒေသအရေးနှင့် ပတ်သက်၍ ပါကစ္စတန်နှင့် အိန္ဒိယအကြား ဆွေးနွေးပွဲများကို ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ် မြို့၌ ဇွန် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နှစ်နိုင်ငံအကြား ပိုင်ဆိုင်ခွင့်အငြင်းပွားနေသည့် ကတ်ရှ်မီးယားနယ်မြေ စီယာချန်း ရေခဲပြင်ဒေသတွင် အိန္ဒိယနှင့်ပါကစ္စတန် တပ်ဖွဲ့များသည် ၁၉၈၀ ခုနှစ်မှစ၍ တစ်ဖက်နှင့် တစ်ဖက် ရင်ဆိုင်တပ်စွဲထားကြသည်။

သို့ရာတွင် ဧပြီ ၇ ရက်က စီယာချန်းရေခဲပြင်ဒေသရှိ ပါကစ္စတန်တပ်စခန်းတစ်ခုအပေါ် နှင်းခဲထုပြိုကျဖုံးလွှမ်းမှုဖြစ်ပွားခဲ့ပြီး နောက် ယင်းဒေသ၌ အကျိုးမဲ့ရင်ဆိုင်တပ်စွဲမှုများ အဆုံးသတ်ရန် တောင်းဆိုမှုများပေါ် ထွက်လာခဲ့ရသည်။

စီယာချန်းရေခဲပြင်ဒေသပြဿနာနှင့်ပတ်သက်၍ နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများအဆင့် ဆွေးနွေးပွဲများကို ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ဇွန် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

စီယာချန်းရေခဲပြင်ဒေသ၌ နှစ်နိုင်ငံတပ်ဖွဲ့များတပ်စွဲမှုကို အဆုံးသတ်ရေးအတွက် ဆွေးနွေးပွဲများပြုလုပ်ရန်နှင့် ယင်း ဒေသအား စစ်မဲ့ဇုန်အဖြစ်ထားရှိရန် ပါကစ္စတန်တပ်မတော်စစ်ဦးစီးချုပ်က လွန်ခဲ့သည့်လအတွင်း တိုက်တွန်းပြောကြားခဲ့သည်။

စီယာချန်းရေခဲပြင်ဒေသပြဿနာပြီးပြတ်ရေးအတွက်ပြုလုပ်ခဲ့သော ပါကစ္စတန်နှင့် အိန္ဒိယအကြား ယခင်ဆွေးနွေးပွဲများသည် သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ခြင်းမရှိဘဲ အဆုံးသတ်ခဲ့ကြရသည်။ **အင်တာနက်။**

# ၂၀၁၅ ခုနှစ်အလွန် ကုလအထူးအကြံပေးအဖွဲ့ကို ပူးတွဲဦးဆောင်မည့်သူများအား ရွေးချယ်ခန့်အပ်

**ကုလသမဂ္ဂ မေ ၁၁**

၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ်ရည်မှန်းချက်များ ပြီးမြောက်ပြီးနောက် စီးပွားရေးကဏ္ဍ တည်ဆောက်မှုမြှင့်တင်ရေးဆိုင်ရာ ကုလသမဂ္ဂအထူးအကြံပေးအဖွဲ့ကို ဦးဆောင်မည့်သူများအဖြစ် အင်ဒိုနီးရှား၊ လိုက်ဘေးရီးယားနှင့် ဗြိတိန်ခေါင်းဆောင်များအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရွေးချယ်ခန့်အပ်ခဲ့ကြောင်း မေ ၉ ရက်သတင်းများတွင် ဖော်ပြထားသည်။

ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များအား ၂၀၁၅ ခုနှစ်အရောက်တွင် အပြည့်အဝအကောင်အထည်ဖော်သွားရန် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များက ၂၀၀၀ ပြည့်နှစ်အတွင်း သဘောတူခဲ့ကြသည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် ဆင်းရဲမွဲတေမှုနှုန်း ထက်ဝက်လျှော့ချရေး၊ ကလေးတိုင်း အခြေခံပညာသင်ကြားခွင့်ရရှိရေး၊ ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်) ကူးစက်ပျံ့နှံ့မှုတားဆီးရေးနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသေဆုံးမှုနှုန်းကို လျှော့ချနိုင်ရေးတို့ပါဝင်သည်။

အင်ဒိုနီးရှားသမ္မတ ဆူစီလို ဘန်ဘန်းယူဒိုရိုနို၊ လိုက်ဘေးရီးယားသမ္မတ အယ်လန်ဂျွန်ဆင်ဆာလိဖ်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့က ၂၀၁၅ ခုနှစ်အလွန် ကုလသမဂ္ဂစီးပွားရေးဆိုင်ရာ အဆင့်မြင့်အကြံပေးအဖွဲ့ကို ပူးတွဲဦးဆောင်သွားမည်ဖြစ်ကြောင်း ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။ **အင်တာနက်။**





# အာဖရိကမှ ကျားသစ်များ တင်သွင်း၍ ပြန်လည်မွေးမြူမည့်စီမံချက် အိန္ဒိယပယ်ဖျက်

**နယူးဒေလီ မေ ၁၁**

အမဲလိုက်သတ်ဖြတ်ခံရမှုကြောင့် လွန်ခဲ့သော နှစ် ၁၀၀ နီးပါးခန့်က ကွယ်ပျောက်ခဲ့ရသည့် ကျားသစ်သတ္တဝါများအား ပြည်ပမှတင်သွင်း၍ ပြန်လည်မွေးမြူထိန်းသိမ်းမည့် အစိုးရစီမံချက်တစ်ရပ်ကို ရပ်တန့်ရန် အိန္ဒိယတရားရုံးချုပ်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း မေ ၉ ရက် သတင်းများတွင် ဖော်ပြသည်။

ကျားသစ်များ ပြန်လည်မွေးမြူထိန်းသိမ်းနိုင်မည့် ဒေသများအဖြစ် မဒရာပရာဒေ့ရှ်ပြည်နယ်နှင့် ရာဂျစသန်ပြည်နယ်များရှိ သစ်တောကြိုးဝိုင်းနှစ်ခုကို သတ်မှတ်ထားရှိရန် သားရိုင်းတိရစ္ဆာန်ကာကွယ်ရေးအုပ်စုများ၏ အကြံပြုချက်အား အိန္ဒိယအစိုးရက သဘောတူခဲ့သည်။

သို့ရာတွင် ကျားသစ်များအား အာဖရိကမှတင်သွင်း၍ ပြန်လည်မွေးမြူထိန်းသိမ်းမည့် အိန္ဒိယအစိုးရ၏စီမံချက်သည် အတွေးခေါ်ခြင်းသက်သက်သာဖြစ်ကြောင်း ကျွမ်းကျင်သူများက စစ်ဆေးသုံးသပ်ခဲ့ပြီးနောက် တရားရုံးချုပ်က ယင်းစီမံချက်ကို ရပ်ဆိုင်းရန်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

သိပ္ပံနည်းကျလေ့လာချက်များအရ အာဖရိက ကျားသစ်များနှင့် အာရှကျားသစ်များသည် မျိုးရိုးဗီဇနှင့် စရိုက်လက္ခဏာ နှစ်မျိုးလုံး၌ ကွဲပြားခြားနားကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။

အာဖရိကကျားသစ်များနှင့် သင့်လျော်သော စားကျက်နေရာမျိုး မထားရှိနိုင်လျှင်၊ လူသားနှင့် ကျားသစ်အကြား ပဋိပက္ခဖြစ်လာနိုင်မှု အလားအလာကို လျှော့ချပေးနိုင်ခြင်းမရှိလျှင် လိုအပ်သည့်ကျားသစ်ကောင်ရေ ရရှိလိမ့်မည်မဟုတ်ကြောင်း ဝေဖန်သူများက ပြောကြားခဲ့သည်။

**အင်တာနက်။**

# ထရူဗာဒါပိုင်းရပ်စ်ကာကွယ်ဆေးအား အိတ်ချ်အိုင်ဗွီပိုင်းရပ်စ် ကာကွယ်ဆေးအဖြစ် အမေရိကန် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ထောက်ခံချက်ပေး

**ဆေးလ်ဗားစပရင်း မေ ၁၁**

ထရူဗာဒါ(Truvada)အမည်ရှိ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် ကာကွယ်ဆေးကို ရောဂါပိုးကူးစက်ခံရသေးခြင်းမရှိသော ကျန်းမာရေးကောင်းသူများလည်း သောက်သုံးခွင့်ရရန် အမေရိကန်ပြည်ထောင်စုမှ ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့က ပထမဆုံးအကြိမ် ထောက်ခံချက်ပေးခဲ့ကြောင်း မေ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ် မတွေ့ရှိရသေးသော်လည်း ကူးစက်ခံရမည့်အလားအလာများပြားသူများအဖြစ် သတ်မှတ်ခံထားရသူများကို ထရူဗာဒါဗိုင်းရပ်စ်ကာကွယ်ဆေးသုံးစွဲခွင့်ပေးရန် အမေရိကန်ပြည်ထောင်စု အစားအစာနှင့် ဆေးဝါးစီမံကွပ်ကဲရေးအေဂျင်စီ(အက်ဖ်ဒီအေ)အား ဗိုင်းရပ်စ်ကာကွယ်ဆေးများဆိုင်ရာ အကြံပေးကော်မတီက အကြံပြုထားသည်။

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်ခံထားရသူများအနေဖြင့် ထရူဗာဒါ နေ့စဉ်သောက် ဗိုင်းရပ်စ်ကာကွယ်ဆေးကို လက်ရှိသုံးစွဲဆဲ အခြားရက်ထရိုဗိုင်းရပ်စ်ကာကွယ်ဆေး (Anti-Retroviral Drug) များနှင့် တွဲဖက်သောက်သုံးနိုင်ရန် အက်ဖ်ဒီအေက သဘောတူခွင့်ပြုထားပြီးဖြစ်သည်။

ထရူဗာဒါ ဗိုင်းရပ်စ်ကာကွယ်ဆေးသည် ကျန်းမာရေးကောင်းမွန်သော လိင်တူဆက်ဆံသူများ၊ အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်ခံထားရသူများနှင့် အဖော်ပြုနေသော်လည်း ယင်းရောဂါပိုး ကူးစက်ခံရသေးခြင်းမရှိသည့် လိင်တူဆက်ဆံသူအမျိုးသားများအတွက် ရောဂါပိုးကူးစက်ခံရမည့် အလားအလာကို လျှော့ချပေးနိုင်ကြောင်း လေ့လာချက်များအရ သိရသည်။

ကျန်းမာရေးကောင်းသူများကို ထရူဗာဒါ ဗိုင်းရပ်စ်ကာကွယ်ဆေး အသုံးပြုခွင့်ပေးခဲ့ပါက သုံးစွဲသူများသည် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ်အား လျှော့တွက်လာနိုင်ပြီး ယင်းဗိုင်းရပ်စ်များသည်လည်း ဆေးယဉ်ပါးလာနိုင်မည့်အရေးကို အချို့က စိုးရိမ်လျက်ရှိသည်။

ကာလီဖိုးနီးယားပြည်နယ်အခြေစိုက် ဂျီးလိဒ်ဆိုင်းယင့်စ် ဆေးသုတေသနဌာနက ထုတ်လုပ်သည့် ထရူဗာဒါ ဗိုင်းရပ်စ်ကာကွယ်ဆေးသည် နေ့စဉ် ဝတ္တရားမပျက်သုံးစွဲရန်လိုအပ်သည့် ဆေးဝါးဖြစ်သည်။

**အင်တာနက်။**



# လွတ်လပ်စွာမျောလွင့်နေသည့် ဂြိုဟ်များပေါ် သက်ရှိများ ရှင်သန်နိုင်ဖွယ်ရှိ

**ဘက်ကင်ဟမ် မေ ၁၁**

နေစကြဝဠာအဖွဲ့အစည်းတည်ရှိရာ နဂါးငွေ့တန်းကြယ်စု (Milky Way Glaxy ) အတွင်းရှိ ကြယ်ဂြိုဟ်များအကြား အာကာသဟင်းလင်းပြင်အတွင်း၌ သက်ရှိများရှင်သန်နိုင်သည့် ဂြိုဟ်ကမ္ဘာ အများအပြား တည်ရှိနေနိုင်ကြောင်း ဗြိတိသျှ သိပ္ပံပညာရှင်တစ်ဦးက မေ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ဂြိုဟ်ကမ္ဘာများအကြား လွတ်လပ်စွာမျောလွင့်နေသော ကမ္ဘာအရွယ်ပမာဏရှိ ဂြိုဟ် အရေအတွက် ဘီလီယံပေါင်း ထောင်သောင်းချီ၍ ရှိနေနိုင်ကြောင်း ဗြိတိန်နိုင်ငံ ဘက်ကင်ဟမ်တက္ကသိုလ်မှ နက္ခတ္တဇီဝဗေဒပညာရှင်တစ်ဦး ဦးဆောင်သည့် နိုင်ငံတကာသုတေသန အဖွဲ့က အဆိုပြုထားသည်။

ယင်းဂြိုဟ်ကမ္ဘာများသည် မဟာပေါက်ကွဲမှုကြီးဖြစ်ပေါ်၍ နှစ်သန်းအနည်းငယ်အတွင်း မဟာစကြဝဠာ ဖြစ်ပေါ်စ ကာလမှာပင် ဖွဲ့စည်းဖြစ်တည်ခဲ့သည့် ဂြိုဟ်များဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ဂြိုဟ်ကမ္ဘာများသည် နှစ်ပေါင်း ၂၅ သန်းလျှင် တစ်ကြိမ်ကျ နေစကြဝဠာ အဖွဲ့အစည်းကို လွင့်မျောဖြတ်သန်းတတ်ကြောင်း သိပ္ပံပညာရှင်များက တင်ပြထားသည်။

လွတ်လပ်စွာမျောလွင့်နေတတ်သည့် ဂြိုဟ်ကမ္ဘာများသည် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ နယ်ခံဂြိုဟ်များ၏ ဇီဝဆိုင်ရာ ဆင့်ကဲဖြစ်စဉ်ရလဒ်များအား ပေါင်းစပ်နိုင်သော ဂုဏ်သတ္တိ ရှိကြောင်း သိပ္ပံပညာရှင်များက မှန်းဆထားသည်။

၁၉၉၅ ခုနှစ်မှ စ၍ သိပ္ပံပညာရှင်များသည် နေစကြဝဠာ ပြင်ပဂြိုဟ်ကမ္ဘာ (exoplanet ) ၇၅၀ ခန့်ကို တွေ့ရှိခဲ့ပြီး ဖြစ်သော်လည်း အနည်းငယ်မျှတွင်သာ သက်ရှိများ ရှင်သန်နိုင်သည့် အခွင့်အလမ်းရှိကြောင်း သိရသည်။ **အင်တာနက်။**

# အစ္စရေး၏ အနောက်ဘက်ကမ်းဒေသပိုင်းခြားရေးတံတိုင်း ရောမခေတ် ရေသွယ်မြောင်းစနစ်အား ခြိမ်းခြောက်နေ

ဘာတီယာ (အနောက်ဘက်ကမ်း) မေ ၁၁

အစ္စရေးနိုင်ငံက တည်ဆောက်နေသည့် အနောက်ဘက်ကမ်းဒေသပိုင်းခြားရေး တံတိုင်းကြောင့် ရောမခေတ် ရေသွယ်ယူမှုစနစ်များအား ယနေ့တိုင်သုံးစွဲနေဆဲဖြစ်သော ပါလက်စတိုင်းကျေးရွာတစ်ရွာ၏ ခေတ်ဟောင်းဘဝနေထိုင်မှုပုံစံမှာ ပျက်စီးရမည့် အခြေအနေကျရောက်နေကြောင်း မေ ၁၁ ရက်သတင်းများတွင် ဖော်ပြသည်။

ဘာတီယာအမည်ရှိ ပါလက်စတိုင်းကျေးရွာက ကျင့်သုံးနေသည့် ခေတ်ဟောင်း စိုက်ပျိုးရေးစနစ်ကို ကုလသမဂ္ဂက မကြာသေးမီကာလအတွင်း အသိအမှတ်ပြုထားရာ ယင်းအချက်အား အသုံးပြု၍ ဥပဒေရေးရာ တိုက်ပွဲဆင်နွှဲခြင်းဖြင့် အစ္စရေးနိုင်ငံ၏ တံတိုင်းတည်ဆောက်ရေးဆုံးဖြတ်ချက် အပြောင်းအလဲဖြစ်စေရန် ဘာတီယာရွာသားများက မျှော်လင့်ထားသည်။

လူဦးရေ ၆၀၀၀ မျှ နေထိုင်သော ဘာတီယာကျေးရွာသည် တောင်ကုန်းအဆင့်ဆင့်မှ စီးကျလာသည့် ရေချိုများအား တိုက်ရိုက်သွယ်ယူနိုင်သော ရောမခေတ်ရေသွယ်မြောင်း များကို စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုသည်။

ယင်းကဲ့သို့ ရာစုပေါင်းများစွာ သက်တမ်းရှိ ရှေးခေတ်ရေသွယ်မြောင်းများအား တောင်လှေကားထစ် စိုက်ပျိုးရေးစနစ်ဖြင့် တွဲဖက်အသုံးပြုနေခြင်းကြောင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ၂၀၁၁ ခုနှစ်တွင် ဘာတီယာရွာကို မြေယာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာဆုချီးမြှင့်ခဲ့သည်။

သို့ရာတွင် အစ္စရေးနိုင်ငံက တည်ဆောက်မည့် အနောက်ဘက်ကမ်း ပိုင်းခြားရေး တံတိုင်းသည် နှစ်ပေါင်း ၂၀၀၀ မျှ တည်တံ့ခဲ့သည့် ရောမခေတ်ရေသွယ်မြောင်း ကွန်ရက်ကို ဖြတ်သန်းရမည်ဖြစ်ရာ ဘာတီယာကျေးရွာတွင် ခေတ်ဟောင်းစိုက်ပျိုးရေးစနစ်မှာ



**ရောမခေတ် ရေသွယ်မြောင်းစနစ်နှင့် တောင်လှေကားထစ်စိုက်ပျိုးရေးကို တွဲဖက်လုပ်ကိုင်နေသည့် ဘာတီယာကျေးရွာ။**

ပျက်စီးမည့် အခြေအနေရှိကြောင်း ယူနက်စကို တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အနောက်ဘက်ကမ်းဒေသမှ အစ္စရေးပိုင်နက်အတွင်း ဝင်ရောက်လာသော ပါလက်စတိုင်း စစ်သွေးကြွများ၏ အသေခံဗုံးခွဲတိုက်ခိုက်မှုများအား တားဆီးရန် အနောက်ဘက်ကမ်းပိုင်းခြားရေး တံတိုင်းကို အစ္စရေးနိုင်ငံက ၂၀၀၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ **အင်တာနက်။**

# အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၁၁**

အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက လုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က လုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များ တိုးတက်အောင် ထိထိမိမိဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)



# ကားတင်သွင်းလိုသူတိုင်း နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်၍ လျှောက်ထားနိုင်

**ရန်ကုန် မေ ၁၁**

နိုင်ငံခြားငွေစာရင်းရှိပါက ကားတင်သွင်းခွင့်ရမည်ဆိုသည့် သတင်းကို ထုတ်ပြန်ခဲ့ပြီးနောက် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၃/၂၀၁၂)၏ ဆုံးဖြတ်ချက်အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသော နိုင်ငံသားများအား ၂၀၀၇ ခုနှစ်နှင့်အထက် (ခရီးသည်တင်ဘတ်စ်မှအပ) ဘယ်မောင်း၊ ညာမောင်းမခွဲခြားဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သတင်းကို ရုပ်မြင်သံကြား၊ သတင်းစာနှင့် ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။

၂၀၀၇ နှင့်အထက် မော်ဒယ်မြင့်ကားများကို ပါမစ်မလိုဘဲ လွတ်လပ်စွာ တင်သွင်းခွင့်ပြုမည်ဟု ပြောကြားခဲ့သော်လည်း နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ရာတွင် ငွေရရှိသည့် အထောက်အထား၊ ထောက်ခံသူများ စသည့် ကန့်သတ်ချက်အချို့ကြောင့် ပြည်တွင်းမှ ကားဝယ်လိုသူများ အခက်ကြုံခဲ့ရသည်။ ယခင်က နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်လိုပါက ဝင်ငွေရရှိသည့် အထောက်အထား (ဥပမာ-လစာ၊ အိမ်ငှားခ၊ ပို့ကုန်သွင်းကုန်ရငွေ၊ အဖွဲ့အစည်းမှ ရရှိခြင်း၊ ထောက်ခံသူနှစ်ဦး၊ မှတ်ပုံတင်) စသည်တို့ဖြင့် အမျိုးမျိုးကန့်သတ်ထားသော်လည်း ယခု ကားတင်သွင်းလိုသော နိုင်ငံသားများ လွတ်လပ်စွာ ဝယ်ယူတင်သွင်းခွင့် ရရှိနိုင်ရန်အတွက် ဖြေလျှော့မှုများကို ပြုလုပ်သွားဖွယ်ရှိသည်ဟု သိရသည်။

"ပြည်တွင်းက ရရှိတဲ့ငွေကို ငွေလဲတဲ့စင်တာမှာ လဲပြီး ကားတင်သွင်းခွင့် လျှောက်ဖို့နဲ့ အခြားလုပ်ငန်းတွေမှာ သုံးစွဲဖို့အတွက် ခွင့်ပြုသွားမယ့် သဘောရှိတယ်" ဟု အဆိုပါဘဏ်နှင့် နီးစပ်သူအချို့က ပြောဆိုကြသည်။ "ညွှန်ကြားချက် ရောက်လာရင် ငွေရရှိမှု အထောက်အထားတွေတော့ လိုဦးမယ် ထင်တယ်၊ ဘာလို့လဲဆိုတော့ အားလုံးခွင့်ပြုလိုက်ရင် ငွေကြေးခဝါချတာတွေ ဖြစ်သွားနိုင်တယ်၊ နိုင်ငံတကာမှာလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေတယ်၊ စည်းလွတ်ဝါးလွတ်ကြီးတော့ မရဘူး" ဟု (MFTB) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါ ညွှန်ကြားချက်စာမှာ မကြာခင်ရက်ပိုင်းအတွင်း ထုတ်ပြန်လာဖွယ်ရှိပြီး အကယ်၍ စာထွက်လာပါက ကားဈေးကွက်ကို ထိခိုက်နိုင်ကြောင်း ပြည်တွင်းကားပွဲစားလုပ်ငန်း လုပ်ကိုင်သူအချို့က ပြောကြားခဲ့သည်။

(SMS/KM)

# ကလေးများတွေးခေါ်မှု အရည်အသွေးရှိအောင် လေ့ကျင့်ပေး

**မန္တလေး မေ ၁၁**

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ မန္တလေးတိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၄ ရက် ညနေ ၃ နာရီတွင် အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး(စစ်ဆေးရေး)၊ လက်ထောက်တိုင်းဒေသကြီးပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးစိုးမြင့်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုကို ၂၀၁၂ ခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာနက မြို့နယ် ၉၃ မြို့နယ်ကို စီမံချက်မြို့နယ်များအဖြစ် သတ်မှတ်ပြီး သင်တန်းများ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ၈၅ မြို့နယ်၊ ၂၀၁၄ ခုနှစ်တွင် ၇၃ မြို့နယ်၊ ၂၀၁၅ ခုနှစ်တွင် ၇၅ မြို့နယ်သတ်မှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းမြို့နယ်များ ပျံ့နှံ့အောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခင် ဆရာဗဟိုပြု ချဉ်းကပ်သင်ယူမှုသည် အလွယ်တကူကျက်မှတ်ခြင်းကို ဦးစားပေးပြီး ကျောင်းသား ကျောင်းသူများကို စဉ်းစားတွေးခေါ်မှုအရည်အသွေး ရရှိအောင် မပေးစွမ်းနိုင်ခဲ့ပေ။ ကလေးများကို အချက်အလက်များသာ ပေးစွမ်းနိုင်သည်။ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုသည် ကလေး၏ မွေးရာပါစွမ်းရည်ကို အသိအမှတ်ပြုပြီး ကလေးအချင်းချင်း အတူတကွ လုပ်ဆောင်စေခြင်း၊ အတွေးအမြင် ဖလှယ်ခြင်းနှင့် ကွင်းဆင်းစမ်းသပ်ခြင်း စသော သင်ယူမှုလုပ်ငန်းများကို အသုံးပြုသဖြင့် ပြောင်းလဲလာသော ကမ္ဘာကြီးတွင် ကလေးများ စဉ်းစားတွေးခေါ်မှု အရည်အသွေးများရရှိအောင် လေ့ကျင့်ပေးခြင်း ဖြစ်သည်။

ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သီဟကိုကို(မန္တလေး)

# ဈေးကွက်ကိုအခြေပြုသော မွေးမြူ/ထုတ်လုပ်မှုများဖြင့် ရေထွက်ပစ္စည်းကဏ္ဍ ပြောင်းလဲရန် လိုအပ်

**ရန်ကုန် မေ ၁၁**

ဈေးကွက်ကို အခြေပြုသော မွေးမြူ/ထုတ်လုပ်မှုများဖြင့် မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းကဏ္ဍကို ပြောင်းလဲထုတ်လုပ်မှုများ ဆောင်ရွက်ရန် လိုအပ်သောအချိန် ရောက်ရှိလာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က အဖွဲ့ချုပ်၏ အပတ်စဉ် တွေ့ဆုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"အခုလို မွေးမြူထုတ်လုပ်တဲ့သူတွေက ငါးတန်ဆိုရင် ငါးတန်တစ်မျိုးတည်းထုတ်တယ်။ ကျွန်တော်တို့ဆီမှာက အမျိုးအစားတစ်ခုကိုပဲ ကိုယ်ကျွမ်းကျင်သလို ထုတ်လာခဲ့ကြပါတယ်။ ပြီးတော့ အဲဒီတစ်ခုကိုပဲ အများဝိုင်းပြီး မွေးမြူထုတ်လုပ်ကြတော့ လိုအပ်တာထက် ပိုပြီးတော့ တခြားအမျိုးအစား ထုတ်လုပ်မှုတွေ အားနည်းလာပါတယ်။ အခုဟာက နိုင်ငံတကာတင်ပို့မှုတွေက တွင်ကျယ်လာပြီး ပိုမိုလွတ်လပ်လာတော့ ကိုယ်ပိုင်နိုင်ရာကို တစ်မျိုးတည်း လုပ်နေမယ့်အစား ဈေးကွက်ကို မူတည်ပြီး ဈေးကွက်ရဲ့ လိုအပ်ချက်ကိုလိုက်ပြီး မွေးမြူထုတ်လုပ်သွားမယ်ဆိုရင် နိုင်ငံတကာနဲ့ ယှဉ်ပြိုင်ထုတ်လုပ်သွားနိုင်မှာပါ" ဟု ဦးဝင်းကြိုင်က သုံးသပ်ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဈေးကွက်ကို အခြေပြု မွေးမြူထုတ်လုပ်မှု လုပ်ဆောင်ရန်အတွက် အစိုးရဝန်ကြီးဌာနများ၏ လမ်းညွှန်မှုများလိုအပ်ကြောင်း၊ အသင်းအဖွဲ့များ၏ ကူညီထောက်ပံ့မှုများမှာလည်း အရေးပါကြောင်း၊ မွေးမြူထုတ်လုပ်မှုအတွက် အဆင့်မြင့်နည်းပညာများလည်း လိုအပ်ကြောင်း၊ နိုင်ငံတကာရှိ ဈေးကွက်များနှင့် လိုအပ်ချက်များအပေါ် ချိန်ညှိပြီး ထုတ်လုပ်မှုများကို ပြုလုပ်သင့်ကြောင်းနှင့် ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအကြား ချိတ်ဆက်မှုများ ကောင်းမွန်ရန် အရေးပါကြောင်း သုံးသပ်ဆွေးနွေးပြောကြားခဲ့သည်။

ယခုအချိန်၌ ဈေးကွက်စီးပွားရေးစနစ်မှာ အရင်ကဲ့သို့ မဟုတ်ဘဲ ပွင့်လင်းမှု ပိုမိုလာခြင်းကြောင့် ပြည်တွင်းစားသုံးမှုကိုသာမကဘဲ နိုင်ငံတကာ၏ ဈေးကွက်လိုအပ်ချက်ကို တင်ပို့ထုတ်လုပ်ရန် လိုအပ်ကြောင်းနှင့် တစ်ဦးတစ်ယောက်ချင်း ပြောင်းလဲခြင်းမဟုတ်ဘဲ အစိုးရနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်သင့်သော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အပတ်စဉ် တွေ့ဆုံဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

(SMS/KM)



# ကွန်ပျူတာ ရက်တိုသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၁**

ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူးကျင်းပသော အလယ်တန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအတွက် ICT Development သင်တန်းအမှတ်စဉ်(၁/၂၀၁၂) ကွန်ပျူတာရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၈ ရက်တွင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ ကျင်းပရာ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး**(ဓါတ်ပုံ)** သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူး (စီမံ-ဘဏ္ဍာ) ဦးမျိုးမြင့်ကျော်က ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆင်းရဲမှုလျှော့ချရေး လောင်းကစားမှုများနှိမ်နင်း

**နေပြည်တော် မေ ၁၁**

ပြည်ထဲရေး ဝန်ကြီးဌာနအနေဖြင့် Good Governance နှင့် Clean Government ပေါ်ပေါက်လာစေရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရာ၌ အဓိက အဟန့်အတားဖြစ်စေသော လောင်းကစားခြင်းများ ကင်းစင်ပပျောက်စေရေးအတွက် စီမံချက်များရေးဆွဲ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း လောင်းကစားခြင်းများ ကင်းစင်ပပျောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ၂၀၁၁ ခုနှစ် ဇွန် ၃၀ ရက်ထိကို အသိပညာပေးကာလအဖြစ် သတ်မှတ်၍ လောင်းကစားပြုလုပ်သူများအား ရှာဖွေဖော်ထုတ်ပြီး သတိပေးတားမြစ်ရန်နှင့် လောင်းကစားခြင်းဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ထုတ်စုဆောင်းပြီး လောင်းကစားကင်းစင်ပပျောက်ရေး စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လျာထားဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ တရားဥပဒေအရ အရေးယူမည့်ကာလဟု သတ်မှတ်ကာ သက်ဆိုင်ရာနယ်မြေအလိုက် လောင်းကစားကင်းစင်ပပျောက်ရေးစီမံချက်ပါအတိုင်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း နှစ်လုံးထီ ၂၂၈၂ မှု၊ သုံးလုံးထီ ၉၀၈ မှု၊ ဖဲ ၂၁၃ မှု၊ ဂျင်အမှု ၁၀၀၊ အခြားလောင်းကစားမှု ၄၇၆ မှု စုစုပေါင်း လောင်းကစားမှု ၃၉၇၉ မှုအား ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ ၆၆၅၄ ဦးအား လောင်းကြေးငွေ ၃၂၃၃၉၇၆၃၅ ကျပ်နှင့်အတူ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေစကြိုမြို့နယ်တွင် ယခုနှစ်ကုလားပဲအထွက်နှုန်းကောင်း

**ရေစကြို မေ ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ၂၀၁၁/၂၀၁၂ ခုနှစ်ဆောင်းရာသီတွင်း ကုလားပဲစိုက် ဧက ၂၄၅၀၀ လျာထားစိုက်ပျိုးခဲ့ရာ တောင်သူများ၏ ကြိုးပမ်းမှု၊ ရာသီဥတုအခြေအနေပေးမှုတို့ကြောင့် ကုလားပဲအထွက်နှုန်းမှာ တင်းငါးသိန်းကျော် ထွက်ရှိခဲ့သဖြင့် ယမန်နှစ်ကထက် အထွက်နှုန်း သိသိသာသာ ပိုခဲ့ကြောင်း လေ့လာသိရှိရသည်။

ယခုနှစ်တွင် ကုလားပဲအထွက်နှုန်း တိုးတက်ခဲ့သော်လည်း ရောင်းဈေးနှုန်းမှာ တစ်တင်း ကျပ် ၁၇၀၀၀ သာ ဈေးပေါက်ခဲ့ပြီး ယမန်နှစ် ကုလားပဲဈေးနှုန်းမှာ တစ်တင်း ကျပ် ၂၃၀၀၀ ထိရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင်း တစ်တင်း ကျပ် ၁၇၀၀၀ ဖြစ်သော်လည်း ရောင်းလက်ဝယ်လက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း စည်သာကျေးရွာမှ ကုလားပဲစိုက်တောင်သူ ဦးအောင်ဝင်းက ပြောပြသည်။

(၃၇၄)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၂-၅-၂၀၁၂ (စနေနေ့)**

**[၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]**

| | |
|---|---|
| ၇း၀၀ | ပရိတ်တရားတော် |
| ၈း၀၀ | "သုတရောင်စုံပန်းခင်း" |
| ၈း၂၅ | "ရတနာဝေစည်မြန်မာပြည် လုံခြုံအေးချမ်းအမြန်လမ်း" |
| ၁၁း၅၀ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၁၀ | "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ" |
| ၁၂း၂၅ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာစွမ်းအား" (အပိုင်း-၃)** |
| ၁း၃၅ | "ရေဆန်စီးတဲ့မြစ်" |
| ၂း၂၀ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၂း၃၅ | အတီးပြိုင်ပွဲ |
| ၂း၅၀ | International News |
| ၄း၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၅း၀၅ | International Science News |
| ၅း၁၀ | "အနုပညာကြေးမုံတစ်ချပ်ကို ခံစားကြည့်ခြင်း" (အလက်ာကျော်စွာမြို့မငြိမ်း၏ တေးသီချင်းများ) |
| ၅း၂၅ | "လူကုန်ကူးမှုတားဆီးကာကွယ် နှိမ်နင်းရေးဆောင်ရွက်ချက်များ" (မူဆယ်ခရိုင်၊ မူဆယ်မြို့) |
| ၆း၃၅ | "အနုပညာရှင်နှင့် ရင်ခုန်စရာညချမ်း" |
| ၇း၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၃၅)** |
| ၈း၀၀ | ပြည်တွင်းသတင်း -မိုးလေဝသအခြေအနေ **-ကာတွန်းအစီအစဉ် "ဒိုင်နိုဆောကမ္ဘာ" (ဒိုင်နိုဆောရဲ့အချစ်တိုက်ပွဲ) -နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း-၃)** -ဂီတတံခါးလေးဖွင့်ပါဦး |

## ကရင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ ပဲဆွမ်းလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် မေ ၁၁**

ကရင်ပြည်နယ်အစိုးရအဖွဲ့ကဦးဆောင်၍ ဌာနဆိုင်ရာများ၊ ပြည်သူများ၏ ပဲဆွမ်းလောင်းလှူပွဲကို မေ ၅ ရက် ညနေ ၃ နာရီခွဲတွင် ဘားအံမြို့ ရွှေယဉ်မျှော်စေတီတော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ပြည်သူများ၊ ဘားအံမြို့အနီးဝန်းကျင်ရှိ ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများ၊ လူမှုရေးအသင်းအဖွဲ့များက ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်များ၊ သီလရှင်များအား ဒေသထွက် ပဲဖြူလေး၊ ပဲကြား၊ ပဲနီလေး၊ ပဲဝါ၊ ဘိုကိတ်ပဲနှင့် ပဲတီစိမ်းစသည့် ပဲမျိုးစုံ စုစုပေါင်း ၈၂၃ တင်းကို လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲများ မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး မေ ၁၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် အသစ်တည်ဆောက်လျက်ရှိသည့် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းသစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ မေ ၂ ရက်က ပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုကော်မတီအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက မန္တလေးမြို့ရှိ Irrawaddy river view ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ပြိုင်ပွဲဝင်အသင်းများ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများ ဆွေးနွေးကြောင်း သိရသည်။

(၆၅၃)

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးအစည်းအဝေး မေလတတိယပတ်တွင် ကျင်းပရန်ရှိ

**နေပြည်တော် မေ ၁၁**

တစ်လတစ်ကြိမ်ကျင်းပရန် နှစ်နိုင်ငံသဘောတူထားသော မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး အရာရှိများ၏ အစည်းအဝေးကို မေလ တတိယပတ်တွင် စစ်တွေမြို့၌ ကျင်းပနိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ကမ်းလှမ်းလာကြောင်း နယ်စပ်ကုန်သွယ်မှု လုပ်ငန်းလုပ်ကိုင်နေသူများထံမှ စုံစမ်းသိရှိရသည်။

ယခုကျင်းပမည့် အစည်းအဝေးမှာ ဆဋ္ဌမအကြိမ်မြောက်ဖြစ်ပြီး အစည်းအဝေး ဖြစ်မြောက်ရန်အတွက် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းနေကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအရာရှိများ အစည်းအဝေးကို ပုံမှန်ကျင်းပနေသော်လည်း ကုန်သွယ်မှုလုပ်ငန်းများအတွက် အလားအလာကောင်းသည့်ရလဒ်များ ထွက်ပေါ်မလာသည့်အတွက် အစည်းအဝေးကို ရပ်နားထားရန် စီစဉ်ခဲ့သော်လည်း တစ်ဖက်နိုင်ငံမှ အစည်းအဝေးလုပ်ရန် ကမ်းလှမ်းလာသည့်အတွက် ဆက်လုပ်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း ဆိုသည်။

လက်ရှိမောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ပို့ကုန်/သွင်းကုန်များ တင်ပို့/တင်သွင်းရန်အတွက် ကုမ္ပဏီများမှ လာရောက်လိုင်စင်လျှောက်ထားနေကြပြီး ကုန်သွယ်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြကြောင်း သိရသည်။

(SMS/KM)

## အခမဲ့ နာရေးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး မေ ၁၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မေ ၁ ရက်မှ စတင်ပြီး နာရေးယာဉ် အခမဲ့ကူညီမှုများအား စတင် ဆောင်ရွက်ပေးလျက်ရှိသည်။ အခမဲ့အကူအညီပေးမည့် နာရေးကူညီမှုယာဉ်များအား မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနတို့တွင် ထားရှိမည်ဖြစ်ပြီး ဖုန်း-၀၂-၈၁၃၁၆၊ ၀၂-၈၀၁၅၇ တို့သို့ ဆက်သွယ်အကြောင်းကြားပြီး အကူအညီတောင်းခံနိုင်မည်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် လူမှုကူညီရေးအသင်း ၅၀ ကျော်က အခမဲ့ နာရေးယာဉ်ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၀၀၂)

## ဘင်္ဂလားဒေ့ရှ်ကုန်စည်များ ဈေးတက်

**နေပြည်တော် မေ ၁၁**

ဧပြီလ နောက်ဆုံးပတ်မှ စတင်ကာ မောင်တောနယ်စပ်ဈေးကွက်တွင် ဘင်္ဂလားဒေ့ရှ် တာကာငွေဈေးများ တက်လာသည့်အတွက် ဘင်္ဂလားဒေ့ရှ်မှ တင်သွင်းသည့် ကုန်စည်များ ဈေးအနည်းငယ်တက်လာကြောင်း ဘင်္ဂလားဒေ့ရှ် ပစ္စည်းအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောတာကာငွေလဲလှယ်မှုဈေးကွက်တွင် တာကာငွေတန်ဖိုးများမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်မှ စတင်ကာ တာကာငွေ တစ်ရာ၏ တန်ဖိုးမှာ မြန်မာငွေ တစ်ထောင်ကျပ်အောက်သို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။ "တာကာဈေးတွေ တက်လာတဲ့အတွက် ဘင်္ဂလားဒေ့ရှ်က ဝင်နေတဲ့ ကုန်တွေ ဈေးအနည်းငယ်တက်လာပါတယ်၊ သိပ်ပြီးတက်တာတော့ မဟုတ်ပါဘူး။ အရင်ဈေးထက် ငွေသုံးရာလောက် တက်သွားပါတယ်" ဟု စားသုံးဆီအရောင်းဆိုင်ရှင်တစ်ဦးက ပြောပြသည်။

လက်ရှိ တာကာငွေ လဲလှယ်မှုဈေးကွက်တွင် ဘင်္ဂလားဒေ့ရှ် တာကာငွေ တစ်ရာကို မြန်မာငွေကျပ် ၉၈၀၊ ၉၉၀ အထိ ဈေးတက်လာကြောင်း တာကာငွေလဲလှယ်ဆိုင်များမှ သိရသည်။ တာကာငွေ တန်ဖိုးများတက်လာပါက ပို့ကုန်သမားများအတွက် တွက်ခြေပိုကိုက်ကြောင်း နယ်စပ်ကုန်သွယ်သူတစ်ဦးက ပြောကြားသည်။ (SMS/KM)

## မှတ်ပုံတင်မဲ့ယာဉ်များ ဖမ်းဆီးအရေးယူမည် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြေညာ

**မန္တလေး မေ ၁၁**

မန္တလေးမြို့တော်သည် စီးပွားရေးဖွံ့ဖြိုးလာပြီး လူဦးရေထူထပ်လာကာ ယာဉ်သုံးစွဲမှု များပြားလာခဲ့သည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် ၅၆၇၉၂ စီး၊ မော်တော်ဆိုင်ကယ် ၃၅၂၁၂၂ စီးခန့်ရှိသည်။

မန္တလေးမြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုကောင်းမွန်စေရေးအတွက် စစ်ဆေးအရေးယူခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မော်တော်ယာဉ်လိုင်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့် ပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်နိုင်ငံနယ်စပ်ဝင်ပေါက်များမှ သယ်ဆောင်လာသည့် မှတ်ပုံတင်မဲ့မော်တော်ကား၊ မော်တော်ဆိုင်ကယ်များအား အရောင်းအဝယ်ပြုလုပ်ခြင်း၊ အသုံးပြုခြင်းများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးကြေညာထားသည်။

သီဟကိုကို(မန္တလေး)

# ပြည်သူ့ထံမှ ပေးစာများ

## လမ်းဘေးဈေးသည်နှင့် ပွဲစားရုံးများ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ် (၅) ရပ်ကွက် (၅၂)လမ်း လမ်းထိပ် ဧရိယာနှင့် မဟာဗန္ဓုလ လမ်းမကြီးထောင့်ဧရိယာရှိ တိုက်ဥပစာ၊ တိုက်ဘေးတို့တွင် တရားမဝင် ဈေးသည်များနှင့် ပွဲစားရုံးခန်းများမှ လူများသည် တိုက်ဘေးရေမြောင်းထဲသို့ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ ပုပ်သိုးပစ္စည်းများထားခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း၊ ညအချိန်မတော်တွင် အခြေအနေမဲ့ ဝိုင်းဖွဲ့ခြင်း၊ အရက်သေစာသောက်စားခြင်း၊ ဆူညံအော်ဟစ်ခြင်းတို့ကို ပြုလုပ်နေသဖြင့် တိုက်နေပြည်သူများ အနှောင့်အယှက်ဖြစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေး ညီညွတ်မှုမရှိခြင်း၊ ညအချိန်မတော် မှောင်ရိပ်ခိုမှုများကြောင့် လုံခြုံရေးစိတ်မချရခြင်း၊ ကားရပ်နားရန် နေရာမရှိခြင်း စသည်တို့ကြောင့် အဆိုပါလမ်းဘေးဈေးသည်များနှင့် ပွဲစားရုံးများကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**(၅၂)လမ်းသားများ**

\- - - - - - - - -

## ပြည်ရိပ်မွန်အိမ်ရာ နောက်ဖေးလမ်းကြား သန့်ရှင်းစေလို

**စာတည်းရှင့်-**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ တိုက်(၁)၊ (၂)၊ (၃)၊ (၄) နောက်ဖေးလမ်းကြားတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ အိမ်သာများပြည့်လျှံ၍ ရေမြောင်းအတွင်း အညစ်အကြေးများ စီးဝင်နေခြင်းတို့ကြောင့် ဝမ်းရောဂါဖြစ်ပွားမည်ကို စိုးရိမ်နေရပါသည်။ နောက်ဖေးလမ်းကြား ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

\- - - - - - - - -

## မီးစက်သံဆူညံ

**စာတည်းရှင့်-**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက် ဇီဇဝါလမ်းတွင် ရပ်ကွက်အတွင်းသို့ တစ်ည မီးချောင်းတစ်ချောင်းလျှင် ၁၀၀ ကျပ်နှုန်း၊ တီဗွီတစ်လုံးလျှင် ကျပ် ၆၀၀၀ နှုန်းဖြင့် မီးပေးသော မီးစက်ကြီးရှိရာ မီးစက်၏ ဆူညံသံနှင့် မီးခိုးငွေ့များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်နေကြရပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မီးစက်သံမခံနိုင်သူ**

\- - - - - - - - -

## ညှော်နံ့ကင်းစေချင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) လှိုင်ကော်လမ်း စက်မှုဇုန်(၁)တွင် ကားကူရှင်အဟောင်းများကို နေ့စဉ်မီးရှို့သောကြောင့် ထွက်ပေါ်လာသော ညှော်နံ့သည် လူကြီးနှင့်ကလေးများ၏ ကျန်းမာရေးကို ထိခိုက်စေသဖြင့် ညှော်နံ့ကင်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လှိုင်ကော်လမ်းသူ**

# သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

## မိုးရွာစဉ် လယ်တဲအတွင်း မိုးခိုသူရှစ်ဦးအား မိုးကြိုးပစ်၊ သုံးဦးသေဆုံး

**မော်လမြိုင်ကျွန်း မေ ၁၁**

မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု ငွေစင်ရော်ကျေးရွာဟောင်း၌ မေ ၁၀ ရက် မွန်းလွဲ ၁ နာရီက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငွေစင်ရော်ကျေးရွာဟောင်း ဦးတန်တေ၏ လယ်တဲအတွင်း မိုးခိုကြသော ငွေစင်ရော်ကျေးရွာသား ရှစ်ဦးတို့အား မိုးကြိုးပစ်ရာ သုံးဦး မိုးကြိုးထိမှန်သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ယင်းမိုးကြိုးထိမှန်သေဆုံးသူများမှာ ငွေစင်ရော်ကျေးရွာသားများဖြစ်သော လယ်ပိုင်ရှင် ဦးမင်းနိုင် (၂၇)နှစ်၊ ဒေါ်သန်းဝင်း (၄၂)နှစ်နှင့် ဦးလှဌေးနိုင်(ခေါ်) ဦးအေးနိုင် (၃၀)နှစ်တို့ ဖြစ်ကြသည်။

အဆိုပါ လယ်တဲအတွင်း မိုးခိုကြသူ ရှစ်ဦးအနက် သုံးဦး မိုးကြိုးထိမှန်သေဆုံးခဲ့ပြီး ဦးတန်တေ၊ ဦးသံချောင်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါ်တင်တင်မော်နှင့် ဦးထွန်းတို့ ငါးဦးမှာ မိုးကြိုးမှ လွတ်ကင်းခဲ့ကြကြောင်း သိရသည်။

(၃၆၄)

## ရွှေအတု လာရောက်ပေါင်နှံသူ အမျိုးသမီးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ရွှေဆိုင်တစ်ဆိုင်တွင် ရွှေအတုဖြင့်လာရောက်၍ ပေါင်နှံသူအား ရဲတပ်ဖွဲ့က အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် နံနက် ၁၁ နာရီက ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးကြီး အပြင်ဘက်တိုက်တန်း ဆိုင်အမှတ် (B.122) ရှိ "ဆန်းသစ်" ရွှေရတနာဆိုင်သို့ ဒေါ်အေးမာ(ခ)နွယ်နီ အသက်(၃၈) နှစ်(ဘ)ဦးတင်ဝ ညောင်ပင်သာကျေးရွာ ဖြူးမြို့နယ်နေသူသည် ဂျပန်နှစ်ထပ် သံကွင်းဆက်ပုံ တစ်ကျပ်သားရှိ ရွှေဆွဲကြိုး(တု)အား ငွေကျပ်ငါးသောင်းဖြင့် လာရောက်ပေါင်နှံသဖြင့် ရွှေဆိုင်ပိုင်ရှင်က အဆိုပါဆွဲကြိုးအား မှတ်ကျောက်ဖြင့် တိုက်ကြည့်သောအခါ ရွှေအစစ်မဟုတ်ဘဲ ရွှေအတုဖြစ်နေကြောင်းသိရ၍ ရွှေဆိုင်ပိုင်ရှင်နှင့် ပန်းတိမ်လုပ်သားများက ဖမ်းဆီး၍ ပျဉ်းမနားရဲစခန်းသို့တိုင်ကြားခဲ့ရာ ရွှေအတုယူဆောင်လာ၍ လာရောက်ပေါင်နှံသူ ဒေါ်အေးမာ(ခ)နွယ်နီအား ရဲစခန်း (ပ) ၂၇၈/၂၀၁၂ ဥပဒေပုဒ်မ ၄၂၀(လိမ်လည်မှု)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မင်းမင်းလတ်)**

## ခြံစည်းရိုးစိုက်ဝါးပင်ခုတ်မှုကြောင့် စကားများပြီး လူသတ်မှုဖြစ်ပွား

**ဝါးခယ်မ မေ ၁၁**

ဝါးခယ်မမြို့နယ် စာဖြူစုကျေးရွာ၌ ခြံနှစ်ခုအကြား စိုက်ပျိုးထားရှိသော ဝါးပင်ပြဿနာကြောင့် လူသတ်မှုဖြစ်ပွားရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် မေ ၁၀ ရက် ညနေ ၅ နာရီခွဲခန့်က ဝါးခယ်မမြို့နယ် စာဖြူစုကျေးရွာနေ မကြည်ကြည် (၃၀)နှစ် ဘ(ဦးကျော်ရင်အေး)ခြံနှင့် တစ်ရွာတည်းနေ ဦးကျော်မြင့်ဌေး(၅၃)နှစ် ဘ(ဦးကျော်ညွန့်)တို့၏ ခြံနှစ်ခုအကြားရှိ ဝါးရုံမှ ဝါးပင်ကို မကြည်ကြည်၏ ခင်ပွန်းဖြစ်သူ ဘတ်တန် (၄၁)နှစ် (ဘ-ဦးအိုက်ဂတ်) မှ မိမိပိုင်ခြံဘက်မှ ဝါးများခုတ်စဉ် ဝါးရုံအလယ်သို့အရောက်၌ ဦးကျော်မြင့်ဌေး၏တူမ မဝေဖောင်နှင့် ခင်ပွန်း အောင်သကြ်န်တို့က ဝါးများခုတ်နေသည့် ဘတ်တန်အား ဝါးများမခုတ်ရန်တားမြစ်သဖြင့် စကားများရာ မဝေဖောင်တို့ဇနီးမောင်နှံက ပိုင်ရှင် ဦးကျော်မြင့်ဌေးထံ သွားရောက်တိုင်တန်းသည်။

ခုတ်သိမ်းပြီးသောဝါးများသယ်ယူရန် ပြင်ဆင်နေသည့် ဘတ်တန်၏ နောက်ကျောသို့ ကျော်မြင့်ဌေးက ရောက်ရှိလာကာ ဓားဖြင့် ထိုးလိုက်သဖြင့် ဘတ်တန်က နောက်သို့ပြန်အလှည့် ဒုတိယဓားချက်က ဘတ်တန်၏ ဝဲရင်အုံသို့ ထိုးစိုက်ဝင်သွားပြီး လဲကျသေဆုံးသွားရသည်။ ထို့ကြောင့် ဘတ်တန်၏ ဇနီးဖြစ်သူ မကြည်ကြည်၏ တိုင်တန်းချက်အရ ရွှေလောင်းရဲစခန်းမှ (ပ)၂၁/၂၀၁၂ ပုဒ်မ(၃၀၂)ဖြင့် ပြစ်မှုကျူးလွန်သူ ကျော်မြင့်ဌေးအား ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

(၅၅၂)

## ကားတစ်စီး အရှိန်လွန်တိမ်းမှောက် မောင်းနှင်လာသူ နေရာတွင်သေဆုံး

**နေပြည်တော် မေ ၁၁**



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အနီး ရာဇဌာနီလမ်းမကြီးပေါ်၌ ကားတစ်စီး အရှိန်လွန် တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းမှာ နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၉ ရက် ည ၁၀ နာရီ ၄၅ မိနစ်က နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်အနီး ရာဇဌာနီလမ်းမကြီးပေါ်၌ ယာဉ်မောင်း သန့်စင်အောင်သည် အရက်သေစာများ သောက်စားမူးယစ်ပြီး ရာဇဌာနီလမ်းမကြီးအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာရာ ဥပ္ပါတသန္တိစေတီတော်အနီးအရောက်တွင် လမ်းလယ်ကျွန်းကို အရှိန်ပြင်းစွာဖြင့် ဝင်ရောက်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောဘက်သို့ ကိုက် ၈၀ ခန့် လူနှင့်ကား လွင့်စဉ်ခဲ့သည်။ ကားမှာ မီးထလောင်သဖြင့် ပျဉ်းမနားမီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်များရောက်ရှိပြီး မီးငြိမ်းသတ်ရာ ၁၀ မိနစ်ခန့်အတွင်း မီးငြိမ်းသွားခဲ့သည်ဟု သိရသည်။ ယာဉ်မောင်း သန့်စင်အောင်မှာ ဦးခေါင်းနှင့် နှာခေါင်းအတွင်းမှ သွေးများ အလွန်အကျွံထွက်၍ နေရာတွင်ပင် သေဆုံးခဲ့ပြီး ကားမှာ ပျက်စီးသွားခဲ့သည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ ပုဗ္ဗသီရိရဲစခန်းမှ (ပ)၄၉/၂၀၁၂ ပုဒ်မ ၃၀၄၊ မီးလောင်ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

**(၆၈၆)**

# မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ ဆုချီးမြှင့်



**ရန်ကုန် မေ ၁၁**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ပြိုင်ပွဲအတွက် အလှူငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မိုးက ပြိုင်ပွဲ၌ အဆင့်(၇)မှ (၁၂)အထိ ရရှိကြသူများအား ဆုကြေးငွေများကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးချကီးယို (လုထု/ပညာ)က ပထမမှ ဆဋ္ဌမအဆင့်အထိ ရရှိသူများအား ဆုကြေးငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က တတိယရရှိသော အုန်းကျော် (ပြည်ထဲရေးဝန်ကြီးဌာန)၊ ဒုတိယရရှိသော ငြိမ်းချမ်း (လယ်/ဆည်)နှင့် ပထမရရှိသော နေဦးကျော်ထွန်း (ပြည်ထဲရေးဝန်ကြီးဌာန)တို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပထမရရှိသော နေဦးကျော်ထွန်း (ပြည်ထဲရေးဝန်ကြီးဌာန)အား မြန်မာ့ရိုးရာ စစ်တုရင်တံခွန်စိုက်ရုပ်တုဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်က ပထမရရှိသော နေဦးကျော်ထွန်း (ပြည်ထဲရေးဝန်ကြီးဌာန)အား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားသမားများအား တွေ့ဆုံ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်သည် မေ ၁၀ ရက် နံနက် ၉ နာရီတွင် ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ဂျူဒို၊ ရေကူးနှင့် စားပွဲတင်တင်းနစ်အားကစားသမားများအား တွေ့ဆုံ၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင်နိုင်ရေးအတွက် အမျိုးသားရေးအသွင် ခံယူကြိုးစားကြရန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ရန်၊ အဖွဲ့ချုပ်များအနေဖြင့် ပြိုင်ပွဲများ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး လေ့ကျင့်ရေးစီမံချက်များ ချမှတ်ပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)



# MNL Myanmar 2012 ဒုတိယအကျော့ ပွဲစဉ်များ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ စီစဉ်ကျင်းပသည့် MNL Myanmar 2012 မြန်မာနေရှင်နယ်လိဂ် ဒုတိယအကျော့ပွဲစဉ်များကို ယနေ့(မေ ၁၂ ရက်) ညနေ ၄ နာရီတွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ယနေ့ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များမှာ အောင်ဆန်းကွင်းတွင် ချင်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ သုဝဏ္ဏကွင်းတွင် ရက္ခပူရယူနိုက်တက်နှင့် မကွေးအက်ဖ်စီအသင်းတို့ ပွဲစဉ်များဖြစ်ကြပြီး ကွင်းဝင်ကြေးမှာ ပထမအကျော့ကဲ့သို့ပင် အထူးတန်း ကျပ် ၁၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားသည်။

ပထမအကျော့ ပွဲစဉ်များအပြီးတွင် ကမ္ဘောဇအက်ဖ်စီက ရမှတ် (၂၈)မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ရတနာပုံအသင်းမှာ ကမ္ဘောဇအသင်းနှင့် ရမှတ်တူသော်လည်း ဂိုးကွာခြားမှုအရ ဒုတိယနေရာတွင် ရပ်တည်နေကြသည်။ အလားတူ ရန်ကုန်၊ ဇေယျာရွှေမြေနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့မှာလည်း ရမှတ် (၂၇)မှတ်စီဖြင့် အစဉ်လိုက် ရပ်တည်နေကြပြီး အဆင့်(၁) မှ (၅)အထိ ရပ်တည်နေသော အသင်းများ၏ အမှတ်ကွာဟချက်မှာ လွန်စွာကျဉ်းမြောင်းလွန်းနေပြီး ချန်ပီယံဆုအတွက် အပြိုင်အဆိုင်ဖြစ်လျက်ရှိသည်။ ယနေ့ မေ ၁၂ ရက်နေ့မှ စက်တင်ဘာ ၁၆ ရက်နေ့အထိ ကျင်းပမည့် MNL Myanmar 2012 ဒုတိယအကျော့ ပွဲစဉ်များအားလုံးမှာ အကြိတ်အနယ်ရှိမည့် ပွဲကောင်းများဖြစ်သည်မှာ ငြင်းမရနိုင်ပေ။

ချန်ပီယံဆုအတွက် အသင်းခြောက်သင်းမျှ အပြိုင်အဆိုင်ဖြစ်နေသဖြင့် စိတ်ဝင်စားဖွယ်ကောင်းနေသကဲ့သို့ အမှတ်ပေးဇယားအောက်ခြေမှ ရုန်းထွက်ကြိုးစားကြမည့် ရက္ခပူရ၊ ဖွဲ့ကပင်၊ မောရဝတီ၊ ချင်းယူနိုက်တက် တို့၏ ပွဲစဉ်များကလည်း စိတ်လှုပ်ရှားမှု အပြည့်အဝပေးနိုင်မည်ဖြစ်သည်။

ယခုအပတ် ပွဲစဉ်(၁၄)တွင် မေ ၁၃ ရက်နေ့ သုဝဏ္ဏကွင်းပွဲစဉ်ဖြစ်သည့် ရန်ကုန်နှင့် ကမ္ဘောဇ၊ မေ ၁၄ ရက်နေ့ သုဝဏ္ဏကွင်း ပွဲစဉ်ဖြစ်သည့် ဧရာဝတီနှင့် ဇေယျာရွှေမြေတို့ပွဲစဉ်များမှာ အသင်းကြီးများ ထိပ်တိုက်ဆုံတွေ့သည့် ပွဲကြီးပွဲကောင်းများဖြစ်သည်။ အထူးသဖြင့် ရန်ကုန်နှင့် ကမ္ဘောဇပွဲစဉ်တွင် အနိုင်ရသည့်အသင်းမှာ အမှတ်ပေးဇယား ပထမနေရာကို ဦးဆောင်နိုင်မည်ဖြစ်သည်။ ကမ္ဘောဇအသင်းရှေ့တန်းလူ ချားစ်အိုဘီမှာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ရာသီက ရန်ကုန်အသင်းတွင် ပါဝင်ကစားခဲ့ပြီး MNL ချန်ပီယံဆုနှင့် MFF Cup ချန်ပီယံဆုများ ရရှိခဲ့သူဖြစ်ရာ ယခုပွဲစဉ်မှာ ချားစ်အိုဘီအတွက် အသင်းဟောင်းအား ပြန်ရင်ဆိုင်ရမည့်ပွဲပင်ဖြစ်သည်။အလားတူ စင်ကာပူနည်းပြ ဆီဗာဂျီမှာလည်း မြန်မာနေရှင်နယ်လိဂ် အတွေ့အကြုံရှိထားသူဖြစ်ရာ ရန်ကုန်အသင်းအား မည်သည့်အခင်းအကျင်းမျိုးဖြင့် ရင်ဆိုင်မည်ကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်ပြီး နိုင်ငံခြားသား ကစားသမားအသစ် နှစ်ဦးခေါ်ယူထားသည့် ရန်ကုန်အသင်း၏ ချန်ပီယံဆုကာကွယ်ရေးအတွက် တိုက်ပွဲဝင်ပုံကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ (၁၀၇)

# မြန်မာ့ဘောလုံးလောကသတင်းတိုများ

## ဖူဆယ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား ဖူဆယ်အမှတ်ပေး ပြိုင်ပွဲကို လာမည့်မေ ၂၉ ရက်တွင်ကျင်းပရန် သတ်မှတ်ထားပြီး ယင်းပြိုင်ပွဲအတွက် ကစားသမားမှတ်ပုံတင်စာရင်းသွင်းရန် မေ ၁၈ ရက် နောက်ဆုံးသတ်မှတ်ထားသည်။

ပြိုင်ပွဲဝင်ကြေးမှာ တစ်သင်းလျှင် ကျပ် ၄၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယဆု ကျပ်သိန်း ၂၀၊ တတိယဆု ကျပ် ၁၀ သိန်းနှင့် စတုတ္ထဆု ကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်သည်။ ထို့ပြင် အကောင်းဆုံးကစားသမားဆု ကျပ်ငါးသိန်းနှင့် အသန့်ရှင်းဆုံးအသင်းဆု ကျပ်ငါးသိန်း ချီးမြှင့်မည်ဟု သိရသည်။

## MFF Women Cup 2012

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား MFF Women Cup 2012 ပြိုင်ပွဲကို ပဒုမ္မာကွင်းတွင် ကျင်းပလျက်ရှိရာ မေ ၁၀ ရက်က ယှဉ်ပြိုင်ခဲ့သော ခြေစစ်ပွဲအဆင့်တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

## ရန်ကုန်ယူနိုက်တက်

မြန်မာနေရှင်နယ်လိဂ် လက်ရှိချန်ပီယံဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်းတွင် ခြေစွမ်းပြကစားနိုင်ခြင်းမရှိ၍ စာချုပ်ဖျက်သိမ်းခဲ့သည့် မီလန်နှင့် မလာဒန်တို့နေရာတွင် နိုင်ငံခြားသား တိုက်စစ်မှူးသစ်နှစ်ဦးအား အစားထိုးခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ကစားသမားသစ်နှစ်ဦးမှာ အသက်(၂၆)နှစ်အရွယ် ဘရာဇီးတိုက်စစ်မှူး ဆီဇာအော်ဂတ်စတို ဟာမန်ဂျီဒိုလ်နှင့် အသက်(၂၇)နှစ်အရွယ် နိုင်ဂျီးရီးယားတိုက်စစ်မှူး ချားစ်နယူချီတို့ဖြစ်သည်။

## မြန်မာယူ -၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဇွန်လထဲတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ အသက်(၂၂)နှစ်အောက် ဘောလုံးပြိုင်ပွဲခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် ယူ-၂၂ အသင်းအား လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် နေရှင်နယ်လိဂ်ကလပ်အသင်းတာဝန်ရှိသူ များနှင့် တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြန်မာ ယူ-၂၂ အသင်းသည် အာဆီယံထိပ်သီးအသင်းတချို့နှင့် ခြေစမ်းရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။ (ဇော်မင်းအောင်)

# တောင်ပိုင်းဒေသများ နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် မေ ၁၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ချောင်းဆုံမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မိုးကုတ်မြို့တွင် သုည ဒသမ ၉၄ လက်မ၊ ဟားခါးမြို့တွင် သုည ဒသမ ၈၆ လက်မနှင့် ပလက်ဝမြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

## နိုင်ငံတကာအားကစားသတင်းများ

# စပါးအသင်းက ဘန်ဖော်စတာအား ခေါ်ယူမည်ဟုဆို

**လန်ဒန် မေ ၁၁**

တော့တင်ဟမ် ဟော့စပါးအသင်း နည်းပြ ဟယ်ရီရက်နက်သည် ဘာမင်ဂမ်အသင်းမှ ဝက်စ်ဘရွန်းအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားနေသော အင်္ဂလန်ဂိုးသမားဟောင်း ဘန်ဖော်စတာအား ခေါ်ယူလိုကြောင်း ပြောကြားလိုက်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမား ဘန်ဖော်စတာ**(ယာပုံ)**အား စပါးအသင်းက ခေါ်ယူလိုခြင်းမှာ လက်ရှိဂိုးသမား ဘရက် ဖရီဒဲလ်နေရာတွင် အစားထိုးသွားရန်ဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတစ်လျှောက်လုံး ၎င်းအား ခေါ်ယူရန် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း စပါးအသင်း နည်းပြ ဟယ်ရီရက်နက်က ဆိုသည်။



ထို့ကြောင့် စပါးအသင်းက ဘန်ဖော်စတာအား ခေါ်ယူစာချုပ်ရန် မိခင်ကလပ် ဘာမင်ဂမ်အသင်းထံ ကမ်းလှမ်းမှုများ ပြုလုပ်ထားသည်ဟု ဆိုသည်။

ဘန်ဖော်စတာ၏ လက်ရှိစာချုပ်သက်တမ်းမှာ နောက်ဆုံးနှစ်သို့ ရောက်ရှိလာပြီဖြစ်ရာ ဘာမင်ဂမ်အသင်း အနေဖြင့်လည်း ချန်ပီယံရှစ် ရှုံး/ထွက်ပွဲစဉ် ဒုတိယအကျော့တွင် ဘလက်ပူးလ်အသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် ဘန်ဖော်စတာကို ရာသီကုန်တွင် ရောင်းချရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

ဘန်ဖော်စတာသည် ၂၀၁၀ ခုနှစ် မေ ၁၉ ရက်တွင် ပရီမီယာလိဂ်ကလပ် ဘာမင်ဂမ်အသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ရောက်ရှိခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ခြင်းကြောင့် စပါးအသင်း နည်းပြ ဟယ်ရီရက်နက်က ဘန်ဖော်စတာအားခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



# ရှိုင်းဟော့ဂ်ဆန်၏ ခေါ်ယူချိန်စောင့်ဆိုင်းနေသော ဂွန်တယ်ရီ

**လန်ဒန် မေ ၁၁**

အင်္ဂလန်နှင့် ချယ်လ်ဆီးအသင်း ခေါင်းဆောင် နောက်တန်းကစားသမား ဂွန်တယ်ရီသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားမည်ဟု ကတိပြုခဲ့ပြီးနောက် အင်္ဂလန်အသင်းအတွက် အသစ်ခန့်အပ်လိုက်သည့် နည်းပြ ရှိုင်းဟော့ဂ်ဆန် ခေါ်ယူမည့်နေ့ကို စောင့်နေကြောင်း မေ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

အင်္ဂလန်အသင်း နည်းပြသစ် ရှိုင်းဟော့ဂ်ဆန်သည် အသင်း၏ နောက်တန်းတွင် တွဲကစားနိုင်မည့် ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂွန်တယ်ရီနှင့် မန်ယူ နောက်တန်း ကစားသမား ရီယိုဖာဒီနန်တို့အား ဆွေးနွေးခဲ့ပြီးနောက် အဆိုပါ ကစားသမားနှစ်ဦးအား ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အတည်ပြုလိုက်ပြီဖြစ်သည်။

ဂွန်တယ်ရီသည် ယခုနှစ်အစောပိုင်းက ဖာဒီနန်၏ ညီတော်စပ်သူ အန်တွန်အား လူမျိုးရေးခွဲခြားမှုကြောင့် အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ်မှ ရပ်စဲမည်ဆိုသော သတင်းများထွက်ပေါ်ခဲ့သူ ဖြစ်သည်။

အင်္ဂလန်အသင်းသည် မေ ၂၆ ရက်တွင် နော်ဝေ၊ ဇွန် ၂ ရက်တွင် ဝင်ဘလေကွင်း၌ ဘယ်လ်ဂျီယံနှင့် ဇွန် ၁၁ ရက်တွင် ပြင်သစ်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အင်္ဂလန်အသင်းနည်းပြသစ် ရှိုင်းဟော့ဂ်ဆန် အသင်းအတွက် ပဏာမလူစာရင်းကြေညာမည့် မေ ၁၆ ရက်မတိုင်မီ မိမိအား ခေါ်ယူစေလိုကြောင်း ဂွန်တယ်ရီက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂွန်တယ်ရီ**(ဝဲပုံ)**သည် ကလပ်အသင်းများတွင် အင်္ဂလန်နိုင်ငံအသင်း ကစားဖော်များနှင့် ပြိုင်ဘက်အဖြစ် ကစားခဲ့ရသော်လည်း နိုင်ငံအသင်းတွင် ကစားရာ၌ မည်သည့်ကစားသမားနှင့်မဆို တွဲဖက်ကစားရန် ဝန်မလေးကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

**နိုင်လင်းကြည်**



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၁

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာ လွှတ်တော်များအကြား အပြန်အလှန် ဆက်ဆံရေးဖလှယ်မှုပြုလုပ်ရန် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ပြီးနောက် ယနေ့ညနေ ၆ နာရီ ၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အမျိုးသားလွှတ်တော်ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Takashi SAITO၊ လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။** (ဓာတ်ပုံ)

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ အမျိုးသားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းနှင့် အမျိုးသားလွှတ်တော်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏအောင်မြင့်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာ အခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုများကောင်းမွန်ရေး အဆင့်မြှင့်တင်လျက်ရှိ

**နေပြည်တော် မေ ၁၁**

စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်တစား လာရောက်သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့သစ် တာဝန်ယူပြီးနောက်ပိုင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခြင်း၊ တည်ငြိမ်အေးချမ်းမှုရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံအား နိုင်ငံတကာမှ စိတ်ဝင်စားမှုများရှိလာပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ထူးခြားသောခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများကို တစ်နှစ်တာပတ်လုံး လာရောက်ကြည့်ရှုလည်ပတ်နိုင်ပါကြောင်း၊ နှင်းဖုံးနေသောတောင်တန်းများ၊ ပတ်ဝန်းကျင်ရှုခင်းလှပ၍ သွားလာနိုင်သော မြစ်ကြောင်းခရီးစဉ်များ၊ သဘာဝတောင်ပေါ် ရေကန်ကြီးများ၊ တောင်တန်းများ၊ ကမ်းခြေများနှင့် လှပစိတ်ဝင်စားဖွယ်ရာကောင်းသော ကျွန်းစုများသည် ထူးခြားသော ဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသများဖြစ်ပါကြောင်းဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် စင်ကာပူနိုင်ငံ International Enterprise(IE) Singapore Business Development Trip To Myanmar မှ Group Director (Southeast Asia Group) Mr. Tan Soon Kin ဦးဆောင်သောအဖွဲ့ဝင် ၁၅ ဦး ပါရှိသည့် စီးပွားရေးလုပ်ငန်းရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။



**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း စင်ကာပူနိုင်ငံ International Enterprise (IE) Singapore Business Development Trip To Myanmar မှ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုကိုကြည့်ပါက လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ယခင်နှစ်များက လေကြောင်းလိုင်းများမှ ကမ္ဘာလှည့်ခရီးသည်ရောက်ရှိမှုသည် တစ်ရက်လျှင် ပျမ်းမျှ ၆၀၀ မှ ၇၀၀ ကြားရှိပြီး ယခုဆိုလျှင် ၁၅၀၀ အထိ တိုးမြင့်လာခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ လိုအပ်သော အခြေခံအဆောက်အအုံများ ကောင်းမွန်ရေး၊ ဝန်ဆောင်မှုများ ကောင်းမွန်ရေးတို့ကိုလည်း တတ်နိုင်သည့်ဘက်မှကြိုးစား၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် **စာမျက်နှာ ၈ ကော်လံ ၃ သို့ ☆**

ယ နေ့ သ တ င်း အ ညွှ န်း

**မြန်မာ့ရေပိုင်နက် မုတ္တမမှ ကမ္ဘာ့ရှားပါးငှက်**

ပြည်တွင်းသတင်း စာမျက်နှာ - ၂

**လွတ်လပ်စွာမျောလွင့်နေသည့် ဂြိုဟ်များပေါ် သက်ရှိများ ရှင်သန်နိုင်ဖွယ်ရှိ**

နိုင်ငံတကာသတင်း စာမျက်နှာ - ၅

**ကားတင်သွင်းလိုသူတိုင်း နိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်၍ လျှောက်ထားနိုင်**

ပြည်တွင်းသတင်း စာမျက်နှာ - ၆

**စပါးအသင်းက ဘန်ဖော်စတာအား ခေါ်ယူမည်ဟုဆို**

နိုင်ငံတကာအားကစား စာမျက်နှာ - ၁၀

# နှလုံးရောဂါခံစားနေရသူများ ကားလမ်းမအနီးနေထိုင်ခြင်းဖြင့် သေဆုံးမှုအန္တရာယ် ရာခိုင်နှုန်းပိုများဟုဆို

အင်တာနက်ကျန်းမာရေးသတင်း

ဘာသာပြန် - သက်ထွေး

**နှလုံးရောဂါခံစားနေရသူများအနေဖြင့် ကားလမ်းမအနီးတွင် နေထိုင်ကြရခြင်းသည် ၎င်းတို့ကျန်းမာရေးအတွက် အန္တရာယ်ရှိသော အနေအထားဖြစ်ဖွယ်ရှိကြောင်း လေ့လာချက်အသစ်တစ်ရပ်က အကြံပြုထားသည်။**



အဆိုပါလေ့လာချက်အရ နှလုံးရောဂါခံစားနေရချိန်တွင် အဓိက ကားလမ်းမကြီးတစ်ခုမှ ပေ ၃၀၀ (မီတာ ၁၀၀)ခန့် အကွာတွင် နေထိုင်သည့် နှလုံးရောဂါခံစားနေရသူများသည် ကားလမ်းမကြီးမှ အနည်းဆုံး ပေ ၃၂၀၀(မီတာ ၁၀၀၀)အကွာတွင် နေထိုင်သူ နှလုံးရောဂါဝေဒနာရှင်များနှင့် နှိုင်းယှဉ်ပါက နောင်လာမည့် ၁၀ နှစ်ကျော်ကြာကာလတွင် သေဆုံးနိုင်ခြေ ၂၇ ရာခိုင်နှုန်းပိုများဖွယ်ရှိသည်ဟု ဆိုသည်။

ကားလမ်းမကြီးမှ ပေ ၆၅၀ မှ ပေ ၃၂၀၀(မီတာ ၂၀၀ မှ မီတာ ၁၀၀၀)အကွာတွင် နေထိုင်သူ နှလုံးရောဂါဝေဒနာရှင်များသည် ၁၀ နှစ်ကြာကာလအတွင်း သေဆုံးနိုင်မှုအန္တရာယ် ၁၃ ရာခိုင်နှုန်းပိုများသည်။

ယင်းသို့ဖြစ်ရခြင်းမှာ ကားလမ်းမကြီးမှ ယာဉ်သွားယာဉ်လာ ဆူညံသံများနှင့် ညစ်ညမ်းလေထုများနှင့် ထိတွေ့မှုနှင့် ဆက်စပ်နေသည်ဟု ရှင်းပြနိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ညစ်ညမ်းလေထုနှင့် အချိန်ကြာမြင့်စွာထိတွေ့ခြင်းက နှလုံး **စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁-၅-၂၀၁၂)

| | | | | |
|---|---|---|---|---|
| ချောင်းဆုံ | ၁ | ဒသမ | ၈၉ | လက်မ |
| မိုးကုတ် | သုည | ဒသမ | ၉၄ | လက်မ |
| ဟားခါး | သုည | ဒသမ | ၈၆ | လက်မ |